# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၃၁)၊ ၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ ၉-၄-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုဖြစ်ပွားစဉ် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးကုသဆောင်များအား ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

နေပြည်တော် ဧပြီ ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဧပြီ ၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကို အဓိကထား လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးဦးတည်ချက် တစ်ရပ်လည်း ပါဝင်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သည် မြေယာကို အခြေပြုလုပ်ကိုင်ကြရသော လုပ်ငန်းများဖြစ်ပြီး တစ်ခုနှင့် တစ်ခု အပြန်အလှန်အကျိုးပြုသော လုပ်ငန်းများလည်း ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး၊ ကျေးလက်တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်မြင့်မားလာရေး၊ စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

မိမိတို့နိုင်ငံတွင် စားရေရိက္ခာဖူလုံရေးအတွက် အောင်အောင်မြင်မြင် စိုက်ပျိုးမွေးမြူဆောင်ရွက်နိုင်မည့် ရေမြေသယံဇာတများနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ်များ ပြည့်စုံစွာရှိနေသည်။

စိုက်ပျိုးနိုင်သည့် မြေကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေရှိရေးဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အကူအညီပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးကြိုးပမ်းဆောင်ရွက်ခြင်းတို့အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၌ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် လယ်ယာကဏ္ဍ နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ဦးဆောင်ဦးရွက်ပြုနေကြသည့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ဈေးကွက်လိုအပ်ချက်ကို သုံးသပ်၍ တောင်သူများအတွက် အမှန်တကယ်အကျိုးရှိစေသည့် စိုက်ပျိုးထုတ်လုပ်မှု သုတေသနများဆောင်ရွက်ရန်နှင့် တောင်သူများတွေ့ကြုံနေကြရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် ထိရောက်စွာ အဖြေရှာဖော်ထုတ်ပေးနိုင်မည့် လက်တွေ့အသုံးချသုတေသနများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးထုတ်လုပ်မှုသုတေသနများ ဆောင်ရွက်နိုင်ရန်၊ ခေတ်နှင့် လျော်ညီသည့် စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများသို့ ဝေမျှပေးနိုင်ရန်၊ မွေးမြူရေးတွင် အထွက်ကောင်းမွန်သည့် ကျန်းမာသန့်ရှင်းသည့် မွေးမြူရေးစနစ်ဖြစ်စေရန် သက်ဆိုင်ရာဌာနများအလိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က မန္တလေးမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ထမင်းဘူးများ လာရောက်လှူဒါန်း



**မန္တလေး ဧပြီ ၈**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အနီးရှိ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာနှင့် မန္တလေးတောင် အရှေ့ဘက်ရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာရှိ ငလျင်ဒဏ်သင့်မိသားစုများအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က နေ့လယ်စာ ထမင်းဘူးများ လှူဒါန်းခြင်းကို ဧပြီ ၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

အဆိုပါလှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကအဖွဲ့ဝင်များဖြစ်ကြသော လူမှုရေးရာဝန်ကြီး၏(ဇနီး) ဒေါ်ခင်စန်းဝင်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၏(ဇနီး) ဒေါ်ဆွေဆွေနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ ဒေါ်စွဲ့ခင်မာဝင်း၊ ဒေါ်ကော့မိုင်၊ ဒေါ်စန်းစန်းထွေး၊ ဒေါ်ခင်ဆွေရည်မြင့်၊ ဒေါ်နန်းအေးအေးမော်၊ ဒေါ်ဟန်မိုးသိုက်၊ ဒေါ်လှလှဆင့်၊ ဒေါ်လှလှဌေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

နာယကများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် အဖွဲ့သည် မန္တလေး၊ ပုသိမ်ကြီးမြို့နယ်ရှိ မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာတွင် ထမင်းဘူး ၁၂၄၀ ဘူး၊ မန္တလေးတောင် အရှေ့ဘက်ရှိ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွင် ထမင်းဘူး ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး အောင်မြေမန္တလာမဏ္ဍပ်တွင် သက်ကြီးအဘိုးအဘွားငါးဦးအား ဂါရဝပြုကန်တော့ကြကာ ကန်တော့ငွေများပေးအပ်ကြသည်။

ထို့နောက် ကျုံးမြို့ရိုးဘေးသုခမ္မာဇရပ်တန်းများရှိ ရပ်ကွက် (၇)ရပ်ကွက်မှ ယာယီစခန်းများတွင် ထမင်းဘူး ၅၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(၀၉၃)

*- *- *- *- *- *- *

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ငလျင်ဒဏ်သင့်ဒေသများအတွက် အကျိုးအမြတ်မယူသော ဈေးနှုန်းဖြင့် ဆန်များရောင်းချပေးမည်

**မန္တလေး ဧပြီ ၈**

"ကူဖို့လှူဖို့ ဝယ်ယူစို့"ပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသများသို့ လှူဒါန်းနိုင်ရန်အတွက် အကျိုးအမြတ်မယူသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။




အဆိုပါ အစီအစဉ်မှ ရောင်းချထားသည့် ဆန်များကို(အလှူရှင်များဝယ်ယူထားသော)စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော် အစရှိသည့် ငလျင်ဒဏ်သင့်ဒေသများသို့ အခကြေးငွေမယူဘဲ ပို့ဆောင်ပေးမည်ဖြစ်သည့်အတွက် စေတနာရှင်များက လာရောက်ဝယ်ယူနိုင်ကြောင်း အသိပေးထားသည်။

(အောက်ဝဲပုံ)

ဆေးဝါးနှင့် အခြားအထွေထွေပစ္စည်းများကိုလည်း ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ စေတနာရှင်များမှ ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်းရှင်များက ဧပြီ ၈ ရက်နှင့် ၉ ရက်တွင် FORTUNE PLAZA(မင်းနန္ဒာလမ်းနှင့် သုမနလမ်းထောင့်၊ သာကေတ)တွင် နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ရောင်းချပေးမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှု အကူအညီများပေးရန်အတွက် အထောက်အကူပြုပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများနှင့် လှူဒါန်းလိုသော စေတနာရှင်များအား ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်၍ အဆိုပါပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

လိုအပ်လျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ ဆေးဝါးနှင့် အခြားအထွေထွေပစ္စည်းများအား ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ စေတနာရှင်များမှ ကူညီထောက်ပံ့ပေးနိုင်ရန်အတွက် သင့်လျော်သော လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်များကို လာရောက်ပြသ၍ အကျိုးအမြတ်မယူသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်အသင်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် MDEA က ဖိတ်ခေါ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

# မြစ်သားမြို့နယ် ကူမဲမြို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**မြစ်သား ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် ကူမဲမြို့၊ အမှတ်(၅) ရပ်ကွက်အတွင်းရှိ ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေါက်တာနှင်းနုထွေး ဦးဆောင်သော Medical Team အဖွဲ့နှင့် ကူမဲတိုက်နယ်ဆေးရုံမှ ဒေါက်တာဝင်းမြတ်မွန်တို့ ပူးပေါင်း၍ ကူမဲမြို့၊ အမှတ်(၅)ရပ်ကွက်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များအား ကြည့်ရှုစစ်ဆေးစဉ်။

○ ရှေ့ဖုံးမှ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခွဲစိတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှု၍ ငလျင်ဒဏ်ကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း တင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်က ထိခိုက်ပျက်စီးခဲ့မှုများအား ဆောက်လုပ်ရေးပညာရှင်များဖြင့် စနစ်တကျစစ်ဆေးကာ ပြုပြင်၍ ရနိုင်သည့်အဆောက်အအုံများကို ပြန်လည်ပြုပြင်ခြင်း၊ ပြုပြင်၍ မရနိုင်သည့်အန္တရာယ်ရှိအဆောက်အအုံများကို ဖြိုချဖျက်ဆီး၍ အသစ်ပြန်လည် တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အဆောက်အအုံ တည်ဆောက်မှုတာဝန်ခံ အင်ဂျင်နီယာများ၊ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေ/မီး ပိုင်းဆိုင်ရာ တာဝန်ခံများ အနေဖြင့် အချင်းချင်းပေါင်းစပ် ညှိနှိုင်း၍စနစ်တကျတည်ဆောက်သွားရန် လိုအပ်မည်ဖြစ်ပြီး ဖြစ်ပေါ်လာနိုင်မည့် သဘာဝဘေးဒဏ် ခံနိုင်ရေးအတွက်လည်း ထည့်သွင်းတွက်ချက်ဆောက်လုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်တွင် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်ခဲ့မှုများအရ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ခဲ့ခြင်းမရှိသဖြင့် ယခုကဲ့သို့ ပေးဆပ်မှုတန်ဖိုးများ ကြီးမားခဲ့ရခြင်းဖြစ်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့ရကြောင်း၊ ထို့နောက် အဆောက်အအုံများ တည်ဆောက်ရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များ၌ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ များပြားခဲ့သဖြင့် ဆေးရုံကို ဇေယျာသီရိမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ယာယီပြောင်းရွှေ့ဖွင့်လှစ်၍ ဆေးဝါးကုသမှုများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဝန်ထမ်းအိမ်ရာများအား ကြည့်ရှုစစ်ဆေးစဉ်။





နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ရှိ ဆေးကုသဆောင်များ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို တွေ့မြင်ရစဉ်။

## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ Mr. Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

မတ် ၂၈ ရက်တွင် အင်အားပြင်း မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြား ဖြစ်ပေါ်ခဲ့ခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တာတာစတန်ပြည်နယ်အကြီးအကဲ Mr. Rustan Minnikhanov က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်၏ နိုင်ငံကို အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း၊ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများ အားလုံးကို အမှန်တကယ် စာနာပါကြောင်း၊ မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများအား ကူညီရန်အတွက် မပင်မပန်းဆောင်ရွက်ပေးနေသည့် လုပ်အားပေးသူများအားလုံးကို ထောက်ခံလျက်ရှိပါကြောင်း၊ ယခုကာလအတွင်း လူသားအချင်းချင်း စည်းလုံးမှုများသည် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိပါကြောင်း ဖော်ပြထားကြောင်း သိရသည်။ **သတင်းစဉ်**

**အဆွေတော်ဗိုလ်ချုပ်မှူးကြီး**

အဆွေတော်၏ နိုင်ငံကို အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့သည့်အပေါ် လွန်စွာဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါသည်။ မိမိတို့အနေဖြင့် ယခုဘေးအန္တရာယ်၏ အကျိုးဆက်ကြောင့် ထိခိုက်နစ်နာသူများအားလုံးနှင့် မြန်မာပြည်သူများအားလုံးကို အမှန်တကယ် စာနာကြောင်း ပြောကြားလိုပါသည်။

မိမိအနေဖြင့် ကယ်ဆယ်ရေးအဖွဲ့များအားလုံးနှင့် ဒဏ်ရာရရှိသူများအား ကူညီရန်အတွက် မပင်မပန်းဆောင်ရွက်ပေးနေသည့် လုပ်အားပေးသူများအားလုံးကို ထောက်ခံလျက်ရှိကြောင်း ဖော်ပြလိုပါသည်။ ယခုကာလအတွင်း လူသားအချင်းချင်း စည်းလုံးမှုများသည် ကြုံတွေ့နေရသည့် အခက်အခဲများအားလုံးကို ကျော်လွှားနိုင်ကြောင်းကို ပြသလျက်ရှိပါသည်။

မိမိတို့အနေဖြင့် ဆုံးရှုံးမှုများနှင့် ဝမ်းနည်းကြေကွဲမှုများကို အဆွေတော်နှင့် မြန်မာပြည်သူများနှင့်အတူ ဝမ်းနည်းပူဆွေးလျက်ရှိကြောင်း ပြောကြားလိုပါသည်။

ရုစတန် မီနီခါနော့ဗ်

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဝန်ထမ်းအိမ်ရာများနှင့် ယာယီရွှေ့ပြောင်းနေရာများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အင်အားပြင်းထန် ငလျင်သင့်ခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများနှင့် ယာယီ ရွှေ့ပြောင်းထားရှိသည့် နေရာသို့ ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှု၍ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်ရန်မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန်သင့်ကြောင်း သတ်မှတ်ချက်အရ အိမ်ရာများ၌ ပြန်လည်နေထိုင်လျက်ရှိသော ဝဏ္ဏသိဒ္ဓိအိမ်ရာ တိုက်(၁၊ ၂၊ ၃ နှင့် ၄)တို့ရှိ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ဝန်ထမ်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး၊ သောက်သုံးရေရရှိရေး၊ စားသောက်မှု အဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများမှ အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့များ၏ ပြန်လည်နေထိုင်ရန် မသင့်ကြောင်း သတ်မှတ်ထားသည့် ပိတောက်အိမ်ရာ တိုက်(၆၀၃)၊ (၇၅၅)၊ (၇၅၆) နှင့် ကေတစ်ထောင်အိမ်ရာတိုက် (၁၃၉၄)တို့ရှိဝန်ထမ်းနှင့် မိသားစုဝင်များအား ယာယီရွှေ့ပြောင်းနေထိုင်ရန် နေရာချထားပေးသည့် နယ်မြေခံ သင်တန်းကျောင်းသို့ သွားရောက်၍ ဝန်ထမ်းများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ဝန်ထမ်းများအတွက် သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စားသောက်မှု အဆင်ပြေစေရေး၊ ဆေးဝါးကုသပေးရေး၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် တာဝန်ရှိသူများမှ အလေးထားကြပ်မတ်ဆောင်ရွက်ရန်မှာကြားကာ မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ဒုတိယဥက္ကဋ္ဌ တာဝန်ပေးအပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ်၊ ၂၈ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်)

### ဒုတိယဥက္ကဋ္ဌတာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေတို့နှင့်အညီ ဖွဲ့စည်းတာဝန်ပေးဆောင်ရွက်စေလျက်ရှိပါသည်။ ယခုအခါ အထွေထွေရွေးကောက်ပွဲ ကျင်းပရန် အချိန်နီးကပ်လာသည့်အားလျော်စွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအား ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သတင်းထုတ်ပြန်ချက်
၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်

၁။ နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်လိုသူ အနည်းဆုံး ၁၅ ဦးက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(က)နှင့်အညီ ပါတီတည်ထောင်ခွင့်များ လျှောက်ထားလာမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါသည်။

၂။ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများကို ဒီဇင်ဘာလအတွင်းတွင် ကျင်းပရန်ရှိပါသဖြင့် နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ ပါတီများပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ခြင်းလုပ်ငန်းများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း/မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်လုံလောက်စွာရရှိစေရန်အလို့ငှာ နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားလိုသူများသည် ၂၀၂၅ ခုနှစ် မေလ ၉ ရက်နောက်ဆုံးထား၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

❖ ကျောဖုံးမှ

ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကျေးဇူးတင် ဂုဏ်ပြုအမှာ စကားပြောကြားသည်။

အခမ်းအနားသို့ ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တရုတ်နိုင်ငံမှ ကယ်ဆယ်ရေး အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် ငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံး ခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများ အတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ် ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ကျေးဇူးတင် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိ အင်အားပြင်းငလျင် လှုပ်ခတ်မှု ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများ များစွာဖြစ်ပေါ် ခဲ့ကြောင်း၊ ယနေ့အချိန်အထိ နောက်ဆက်တွဲ ငလျင် ၉၆ ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါဖြစ်စဉ် အပေါ် စာနာနားလည်မှုများနှင့် အတူ ထပ်တူခံစားကြလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက် အဖြစ် ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၆ ရက်အထိ ခုနစ်ရက် တိုင်တိုင် သတ်မှတ်ကြေညာခဲ့ပြီး ထိုရက်များအတွင်း နိုင်ငံတော် အလံအားတိုင်ဝက်လျှော့ချလွှင့်ထူ ကြရန် ကြေညာဆောင်ရွက်ခဲ့ ကြောင်း။

မြေငလျင် လှုပ်ခတ်မှုကြောင့် နိုင်ငံတစ်ဝန်း လူနေအိမ်ပေါင်း ၄၈၈၃၄ အိမ်၊ ဘုန်းတော်ကြီး ကျောင်းနှင့် သီလရှင်ကျောင်း ၃၀၉၄ ကျောင်း၊ စာသင်ကျောင်း ၂၀၄၅ ကျောင်း၊ ဌာနဆိုင်ရာ ရုံး/ အဆောက်အအုံ ၂၁၇၁ လုံး၊ တံတား ၁၄၈ စင်း၊ ဘုရားစေတီ ၅၇၇၅ ဆူထိခိုက်ပျက်စီးခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီ ၇ ရက်အထိ သေဆုံးသူ ဦးရေပေါင်း ၃၅၅၀၊ ဒဏ်ရာရရှိသူ ဦးရေပေါင်း ၄၈၁၄ ဦး၊ ပျောက်ဆုံး သူဦးရေ ၁၆၀ ရှိခဲ့ကြောင်း။

ယခုကဲ့သို့ သေဆုံးဒဏ်ရာရသူ များကို တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ အရေးပေါ်ကူညီ ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက ယနေ့အထိ အသက်ရှင်လျက် လူဦးရေ ၆၅၃ ဦး ရှာဖွေကယ်ဆယ် နိုင်ခဲ့ပြီး သေဆုံးသူ ၇၀၀ ကိုလည်း ရှာဖွေ ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင် အပါအဝင် မိမိတို့ တာဝန်ရှိသူများအနေဖြင့် လည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံ့ဝန်ထမ်း များနှင့် ပြည်သူများထံကိုလည်း စိတ်ဓာတ်ခွန်အား ဖြစ်စေရေး သွားရောက် အားပေးခဲ့သလို ကူညီကယ်ဆယ်ရေး ဆောင်ရွက် နေမှုများကိုလည်း စဉ်ဆက်မပြတ် သွားရောက်အားပေးခဲ့ပါကြောင်း။

ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများတွင် ရှာဖွေကူညီ ကယ်ဆယ်ရေး လုပ်ငန်းများကို မိမိနိုင်ငံမှ စနစ်တကျဖွဲ့စည်း လေ့ကျင့်ပေးထားသည့် ကူညီ ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက နေ့/ည ဆောင်ရွက်ပေးခြင်းအပြင် နိုင်ငံတကာကလည်း ထောက်ပံ့ ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်း များ၊ အရေးပေါ်ကူညီကယ်ဆယ် ရေး အထောက်အကူပြုအဖွဲ့များ နှင့် ဆေးအဖွဲ့များ စေလွှတ်ပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးခဲ့ ကြကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးကို အစောဆုံးနှင့် ပထမဆုံးအနေဖြင့် နေပြည်တော်ကို စေလွှတ်ပေးခဲ့ သည်ကိုတွေ့ရကြောင်း၊ ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့ပေါ်သို့ China International Search and Rescue Team (CISAR) (Beijing) မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦးနှင့် ရှာဖွေကယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင်၊ Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင် အင်အား ၈၉ ဦးနှင့် Hong Kong China Search and Rescue Team တပ်ဖွဲ့ဝင် ၅၁ ဦးကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၇၂ နာရီမတိုင်မီ စေလွှတ်ပေးခဲ့မှု အပေါ်လည်း များစွာကျေးဇူးတင် ပါကြောင်း။

၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ငလျင် လှုပ်ခတ်ပြီးနောက် မတ် ၂၉ ရက် တွင် နေပြည်တော်ကောင်စီ နယ်မြေသို့ တရုတ်နိုင်ငံမှ ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ လေးဖွဲ့ စုစုပေါင်းအင်အား ၂၆၅ ဦးနှင့် ရှာဖွေကယ်ရေးလုပ်ငန်းသုံး ခွေး ခုနစ်ကောင် ရောက်ရှိပြီးနောက် ၎င်းအနက် မန္တလေးမြို့သို့ သုံးဖွဲ့၊ နေပြည်တော်တွင် တစ်ဖွဲ့ အသီးသီး တာဝန်ခွဲဝေ၍ သက်ဆိုင်ရာ မြို့နယ်များရှိ မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့ဝင်များ၊ ဒေသခံလုပ်အားပေး ပြည်သူများ၊ တပ်မတော်သားများ အပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ သည်ကိုလည်း ဂုဏ်ယူဝမ်းမြောက် စွာတွေ့မြင်ရကြောင်း။

နေပြည်တော်တွင် ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည့် ယူနန် ပြည်နယ် သတ္တုတွင်းနှင့် ဥမင် လိုဏ်ခေါင်း Search and Rescue Team ၃၇ ဦးအနေဖြင့် ၂၀၂၅ ခုနှစ် မတ် ၂၉ ရက် ည ၇ နာရီမှစ၍ ဥတ္တရသီရိမြို့နယ်ရှိပင်လုံဆေးရုံ၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ကို အဆင့်မြင့်ရှာဖွေကယ်ဆယ် ရေးလုပ်ငန်းသုံး ပစ္စည်းများဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့သည့် အတွက် ၂၀၂၅ ခုနှစ် မတ် ၃၀ ရက် နံနက် ၅ နာရီတွင် အမျိုးသမီး တစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ပြီး ညနေပိုင်းတွင် လည်း ရှာဖွေကယ်ရေးလုပ်ငန်း များကို ဆက်လက်ဆောင်ရွက် ပေးခဲ့သောကြောင့် သေဆုံးသူ အမျိုးသမီးနှစ်ဦး၏ ရုပ်အလောင်း များကိုလည်း ရှာဖွေထုတ်ယူ ပေးနိုင်ခဲ့ကြောင်း။

ဇမ္ဗူသီရိမြို့နယ်တွင် ရှိသည့် တိုက်များတွင် ရှာဖွေကယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၃ ရက်တွင် တိုက်အမှတ် ၁၃၃၈၊ ၂၃၇၆ ၌ သေဆုံးသူ နှစ်ဦး တို့၏ ရုပ်အလောင်းများကိုလည်း ခက်ခက်ခဲခဲ ရှာဖွေထုတ်ယူပေးခဲ့ ပြီး ယူနန်ရှာဖွေကယ်ဆယ်ရေး အဖွဲ့အနေဖြင့် စုစုပေါင်း အသက်ရှင် လျက် တစ်ဦး၊ သေဆုံးသူ လေးဦး အား ရှာဖွေထုတ်ယူပေးနိုင်ခဲ့ သည့်အတွက် ငလျင်ဘေးဒုက္ခ ရောက်ခဲ့ရသည့် မိသားစုများ ကိုယ်စား အထူးပင်ကျေးဇူးတင် ကြောင်းကို ပြောကြားလိုကြောင်း။

စာမျက်နှာ ၆ သို့ ❖




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံစဉ်။




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**○ တရုတ်နိုင်ငံရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့များတွင် စုစုပေါင်းအသက်ရှင်လျက် လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုစိတ်ထားဖြင့် နေ့/ ည မပြတ် အားသွန်ခွန်စိုက်ကြိုးပမ်းရှာဖွေထုတ်ယူကာ သက်ဆိုင်ရာ မိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီကိုယ်စား၊ ဘေးဒုက္ခရောက်ရှိခဲ့ကြသည့် မိသားစုများကိုယ်စား၊ အမျိုးသားအဆင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီကိုယ်စား မိမိအနေဖြင့် အမှတ်တရနှင့် အထူးပင်ကျေးဇူးတင်ရှိ**

❖ စာမျက်နှာ ၅ မှ

နေပြည်တော် ကောင်စီနယ်မြေအတွင်း ရှာဖွေကယ်ဆယ်ရေးနှင့် အထောက်အကူပြုအဖွဲ့မှ Mr.Mu Shu Yuan (မစ္စတာမူရှုယွမ်) ဦးဆောင်သည့် ယူနန်ရှာဖွေကယ်ဆယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ခေတ်မီနည်းပညာစွမ်းအားမြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများဖြင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့ Mr. Feng Zeli (မစ္စတာဖုန်းဇယ်လီ) ဦးဆောင်သည့် ယူနန် ကျန်းမာရေးကော်မရှင်နှင့် Medical Emergency Department တို့မှ အဖွဲ့ဝင် ၁၅ ဦးကလည်း နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီးရှိ ဆေးကုသမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ Rapid Response Team အဖွဲ့များနှင့် ပူးပေါင်းပါဝင်ကာ မြို့နယ်အလိုက် ရေနမူနာစစ်ဆေးခြင်းအပါအဝင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မန္တလေးမြို့သို့ ထပ်မံရောက်ရှိလာသည့် China International Search and Rescue Team (CISAR) (Beijing)မှ တပ်ဖွဲ့ဝင်အင်အား ၁၁၈ ဦး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ခွေးခုနစ်ကောင်၊ Chinese Blue Sky Search and Rescue တပ်ဖွဲ့ဝင်အင်အား ၈၉ ဦးနှင့် Hong Kong China Search and Rescue Team တပ်ဖွဲ့ဝင်အင်အား ၅၁ ဦးတို့ကလည်း ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၇ ရက်အထိ ရှာဖွေကယ်ဆယ်လုပ်ငန်းများကို အင်တိုက်အားတိုက် အပင်ပန်းခံပြီး ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသည့်အတွက် ဘေးဒုက္ခ ရောက်ခဲ့ကြရသည့် မိသားစုများကိုယ်စား များစွာဝမ်းမြောက် မိပါကြောင်းနှင့် ကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ထိုသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် မြေပြင်တွင် လုံးဝပြိုလဲကျနေသည့် SKY Villa အဆောက်အအုံထဲမှ နှစ်ဦး၊ Golden Country Hotel ထဲမှ တစ်ဦး စုစုပေါင်းသုံးဦးတို့ကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့သည့် အတွက် မိသားစုများကိုယ်စား ကျေးဇူးတင်ရှိမှုကို ပြောကြားလိုကြောင်း၊ ပျက်စီးခဲ့မှု အလွန်များပြားသည့် မန္တလေးမြို့အတွင်းတွင် အရေးပေါ်ကူညီ ကယ်ဆယ်ရေးများကို ခက်ခက်ခဲခဲ ဆောင်ရွက်ကြရင်း SKY Villa မှ ၅၁ ဦး၊ Win Star Hotel မှ ငါးဦး၊ Paragon Hotel မှ လေးဦး၊ Golden Country Hotel မှ တစ်ဦး၊ Great Wall Hotel မှ နှစ်ဦးနှင့် (၂၆ x ၈၁) လမ်းရှိ လူနေအိမ်မှတစ်ဦးတို့၏ သက်မဲ့ခန္ဓာများကိုလည်း ရှာဖွေထုတ်ယူပေးနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

တရုတ်နိုင်ငံ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များအနေဖြင့် နေပြည်တော်နှင့် မန္တလေးမြို့များတွင် စုစုပေါင်း အသက်ရှင်လျက် လေးဦး၊ သေဆုံးသူ ၆၄ ဦးတို့ကို လူသားချင်းစာနာထောက်ထားမှု စိတ်ထားဖြင့် နေ့/ညမပြတ် အားသွန်ခွန်စိုက်ကြိုးပမ်းရှာဖွေ ထုတ်ယူကာ သက်ဆိုင်ရာ မိသားစုဝင်များထံ အပ်နှံပေးနိုင်ခဲ့သည့် အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုယ်စား၊ ဘေးဒုက္ခရောက်ရှိခဲ့ကြသည့် မိသားစုများကိုယ်စား၊ အမျိုးသားအဆင့် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကိုယ်စားမိမိအနေဖြင့် အမှတ်တရနှင့် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရချိန်တွင် အိမ်နီးချင်းကောင်းပီသစွာနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုပီသစွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ပေးနိုင်ခြင်း၊ Mobile Clinic ဖြင့် ဆေးကုသပေးခြင်းများ အပြင် ယနေ့အထိ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်း တန်ချိန်စုစုပေါင်း ၄၄၇ ဒသမ ၆၉ တန်ကို တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများက ပေးပို့ခဲ့ပြီး ယနေ့တွင်လည်း တန် ၁၁၀ ထပ်မံရောက်ရှိမည်ဟု သိရပါကြောင်း၊ ယခုကဲ့သို့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဖြင့် မည်သည့်နှောင်ဖွဲ့မှုမျှမရှိဘဲ လူသားချင်းစာနာထောက်ထားမှုစိတ်ထား၊ ကိုယ်ချင်းစာစိတ်ထား အပြည့်အဝဖြင့် မိမိတို့နိုင်ငံရှိ ငလျင်ဘေးဒုက္ခရောက်ရှိကြရသည့် ပြည်သူများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့မှုအပေါ် လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးဒုက္ခရောက်သူပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ်အရောက် စနစ်တကျပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းကိုလည်း ဖြည့်စွက် ပြောကြားလိုပါကြောင်း၊ အရေးပေါ်ကူညီ ကယ်ဆယ်ရေးအဖွဲ့နှင့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများပေးပို့ပါသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ His Excellency Mr. Xi Jinping ဦးဆောင်သော အစိုးရအဖွဲ့၊ တရုတ်နိုင်ငံ ဘေဂျင်း၊ ဟောင်ကောင်နှင့် ယူနန်ပြည်နယ်တို့မှ အရေးပေါ်ကူညီ ကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Her Excellency Ms. Ma Jia နှင့်တကွ သံရုံးအဖွဲ့ဝင်များ အားလုံးကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့ပြည်သူများအားလုံးက ကူညီကယ်ဆယ်ထောက်ပံ့မှုများအတွက် အမြဲပင်အမှတ်ရနေမည် ဖြစ်ပါကြောင်း ပြောကြားသည်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

**လက်ခံရယူ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့များဖြစ်သည့် China Search and Rescue Team၊ China International Search and Rescue Team နှင့် China Search and Rescue Team (Hong Kong)တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ အဖွဲ့များကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူကြသည်။

အခမ်းအနား အပြီးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပြီး တစ်ဦးချင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါတရုတ်နိုင်ငံမှကယ်ဆယ်ရေးအဖွဲ့များသည်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှု စံသတ်မှတ်ချက် (Assessment, Search & Rescue Level – ASR Level) အဆင့်(၅)ခုအနက် အဆင့်(၄) (ASR Level 4) အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုအခါ ၎င်းတို့၏ တာဝန်များပြီးဆုံး၍ ပြန်လည်ထွက်ခွာခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံအတွင်း ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ကူညီထောက်ပံ့ရေးပစ္စည်းများနှင့် နည်းပညာအကူအညီများကို ဆက်လက်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် ဧရာဝတီဖောင်ဒေးရှင်းက ယာယီဆေးရုံများ တည်ဆောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၈

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ဧရာဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်သင့်ခဲ့သည့် မန္တလေးမြို့ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် ယာယီဆေးရုံများ တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်။

ဧရာဝတီဖောင်ဒေးရှင်းသည် မန္တလေး၊ စစ်ကိုင်းဒေသများရှိ ဆေးရုံကြီးများတွင် ယာယီဆေးရုံများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် လက်တွဲ၍ တည်ဆောက်ဖွင့်လှစ် ကုသပေးလျက်ရှိပြီး ငလျင်ဒဏ်သင့် မန္တလေးပြည်သူ့ဆေးရုံကြီးအတွက် HDU ၁၂ ခုတင်ပါ (ခုတင်-၅၀)ဆံ့ ယာယီဆေးရုံကို ဧပြီ ၆ ရက်တွင်လည်းကောင်း၊ မန္တလေးကန်တော်နဒီပြည်သူ့ဆေးရုံကြီးအတွက် HDU ခြောက်ခုတင်ပါ (ခုတင်-၁၅၀)ဆံ့ ယာယီဆေးရုံကို ဧပြီ ၈ ရက်တွင် လည်းကောင်း ဖွင့်လှစ်၍ ကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။ အဆိုပါ ယာယီဆေးရုံများတွင် အဆောက်အအုံအပြင် လူနာခုတင်များ၊ HDU ခုတင်များ၊ လေအေးပေးစက်နှင့် ကုသမှုအထောက်အကူပြုပစ္စည်းများ၊ မီးသတ်ဆေးဘူးများနှင့် လိုအပ်သည့် အသုံးအဆောင်များ ပါဝင်ပြီး ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် Duty Room၊ နားနေဆောင်၊ Mobile Toilet များလည်း တစ်ပါတည်း ထည့်သွင်းတည်ဆောက်ထားသည်။



ထို့အတူ ဧရာဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အများအပြားဆေးကုသမှုခံယူလျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စုစုပေါင်းခုတင် ၄၀၀ ပါဝင်မည့် ဆေးရုံများတည်ဆောက်မည်ဖြစ်ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ခုတင် ၅၀၊ မန္တလေးကန်တော်နဒီပြည်သူ့ဆေးရုံကြီးတွင် ခုတင် ၁၅၀ တည်ဆောက်ထားပြီးဖြစ်သောကြောင့် ခုတင် ၁၀၀ စီပါဝင်မည့် ယာယီဆေးရုံတစ်ခုစီကို စစ်ကိုင်းနှင့် မန္တလေးမြို့တို့တွင် အလျင်အမြန် ထပ်မံဖွင့်လှစ်နိုင်ရန်ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-ကိုမိုး

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE -MYEBMMMY
- Beneficiary Name -Natural Disaster Management Fund
- Beneficiary A/C No -EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ






























# ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂန္ဓကုဋိတိုက် ကျောင်းတော်ကြီး၏ ထီးတော်ရှိ စိန်ဖူးတော်မြေခါ၊ ဥပနာပစ္စည်းများအား လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများနှင့် ဝန်ထမ်းများက ရှာဖွေတွေ့ရှိပြီး တာဝန်ရှိသူများထံ ပြန်လည်အပ်နှံ

နေပြည်တော် ဧပြီ ၈

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးမြို့ ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ မကိုဋ်တော် စောင်းသွားခြင်း၊ ရွှေသားထီးတော်ကြီး၏အနောက်ဘက်စောင်းသွားခြင်း၊ စိန်ဖူးတော်မြေခခြင်းများအပြင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပါယ်တော်မူသော ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး၏ အရပ်လေးမျက်နှာရှိ စမြင်များ၊ တန်ဆောင်းနေရာများနှင့် နေရာအချို့တွင်လည်း ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ထိုသို့ ပြိုကျပျက်စီးသွားမှုများကြောင့် မဟာမုနိဘုရားကြီး၏ ရင်ပြင်တော်၌ တပ်မတော်သားများက ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စက်ယန္တရားများ၏ အကူအညီရယူကာ အပျက်အစီးများအား အားသွန်ခွန်စိုက် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်စဉ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ကျောင်းတော်ကြီး၏ အနောက်ဘက် ရင်ပြင်တော်ရှိ အဆောက်အအုံ အပျက်အစီးများကြားမှ ရတနာပစ္စည်း ၁၅၂ မျိုး (၃၈ ကျပ်သား၊ လေးပဲ၊ လေးရွေး) နှင့် (အတွင်း) စိန်ဖူးတော်ကို လည်းကောင်း၊ ဧပြီ ၂ ရက်တွင် ရတနာပစ္စည်း ၁၅၂ မျိုး (၂၇ ကျပ်သား၊ လေးပဲ၊ ခုနစ်ရွေး) နှင့် (အပြင်)စိန်ဖူးတော် (အောက်ခြမ်း) ကို လည်းကောင်း၊ ဧပြီ ၃ ရက်တွင် ရတနာပစ္စည်း ၈၃ မျိုး (၁၀ ကျပ်သား၊ ၁၁ ပဲ၊ လေးရွေး)ကို လည်းကောင်း၊ ဧပြီ ၄ ရက်တွင် ရတနာပစ္စည်း ၂၉၅ မျိုး (၄၂ ကျပ်သား၊ ကိုးပဲ၊ ခြောက်ရွေး)နှင့် အပြင်စိန်ဖူးတော် (အပေါ်ခြမ်း) (စိန် ခုနစ်ရတီပါ) ကိုလည်းကောင်း၊ ဧပြီ ၅ ရက်တွင် ရတနာပစ္စည်း ၂၆၄ မျိုး (၄၇ ကျပ်သား၊ ၁၅ ပဲ၊ ငါးရွေး)ကိုလည်းကောင်း၊ ဧပြီ ၆ ရက်တွင် ရတနာပစ္စည်း ၈၄ မျိုး (၁၄ ကျပ်သား၊ နှစ်ပဲ၊ သုံးရွေး)ကို လည်းကောင်း၊ ဧပြီ ၇ ရက်တွင် ရတနာပစ္စည်း ၁၂၄ မျိုး (၁၈ ကျပ်သား၊ ၁၄ ပဲ၊ နှစ်ရွေး)ကို လည်းကောင်း၊ ဧပြီ ၈ ရက် တွင် ရတနာပစ္စည်း၆၄မျိုး(ခုနစ်ကျပ်သား၊ ငါးပဲ)ကိုလည်းကောင်း ယနေ့အထိ စုစုပေါင်း ရတနာပစ္စည်း မျိုးစုံ ၁၂၅၀ (၂၀၇ ကျပ်သား၊ သုံးပဲ၊ ခုနစ်ရွေး)တို့အား တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများက ဘုရားကြီး ဂေါပကထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး ဖြစ်ကြောင်း သိရသည်။

မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်သည် မြန်မာသက္ကရာဇ် ၁၂၆၀ (ခရစ်နှစ် ၁၈၉၈)ခုနှစ်တွင် မင်းဆွေမင်းမျိုး မဟာရာဇာ စော်ဘွားကြီး၏ ကောင်းမှုတော်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၈၀ (ခရစ်နှစ် ၁၉၁၈) ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီတို့က ပြန်လည်ပြုပြင် ပူဇော်ခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃၆၄(ခရစ်နှစ် ၂၀၀၂) ခုနှစ်တွင် မဟာမုနိဘုရားကြီး၏ စိန်ဖူးတော်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အများပြည်သူများ ကောင်းမှုဖြင့် ပြန်ငုံပြုပြင်ပူဇော်ခဲ့သည်။

၁၈၅၂ ခုနှစ် ပုဂံမင်းနှင့် မယ်တော်၊ နှမတော်တို့က မကိုဋ်တော်၊ စလွယ်တော်နှင့် ဒုတင်တော်၊ စုလျားတော်တို့ကို လှူဒါန်းခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် ရွှေမကိုဋ်တော်အား ပြန်လည်ပြုပြင်ပြီး ရွှေသားချိန် ၁၁၉၉ ကျပ်သား တစ်မူးနှင့် စိန်၊ ပတ္တမြား၊ နီလာ၊ ရတနာမျိုးစုံ ၉၄၀ စီခြယ်သော မကိုဋ်တော်အား လှူဒါန်းခဲ့ကြောင်း သမိုင်းမှတ်တမ်းအရ သိရသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် မဟာမုနိဘုရားကြီး၏ မကိုဋ်တော်၊ စိန်ဖူးတော်နှင့် ရွှေသားထီးတော်ကြီး တည့်မတ်ရေးလုပ်ငန်းများ၊ မဟာမုနိကျောင်းတော်ကြီး ပြုပြင်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအပြင် သာသနိက အဆောက်အအုံများ ပြုပြင်ရေးလုပ်ငန်းများကို မဟာမုနိဘုရားကြီးဂေါပကအဖွဲ့၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၏ ကြီးကြပ်မှုတို့ဖြင့် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တာဝန်ရှိသူများထံ ပြန်လည်အပ်နှံမှုနှင့်ပတ်သက်ပြီး ယခုလိုပဲ ကြားသိရပါတယ်-

**ဦးမြင့်(ဥက္ကဋ္ဌ)**

**မန္တလေး မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့**

မြန်မာနိုင်ငံမှာ လှုပ်ခတ်သွားတဲ့ ငလျင်ဘေးနဲ့ပတ်သက်ပြီး မဟာမုနိမှာ ထိခိုက်ပျက်စီးမှု အခြေအနေတွေကတော့ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်မှာ ငလျင် စတင်လှုပ်ခတ်ပါတယ်။ ပထမအကြိမ်မှာတော့ ငလျင်က သိပ်မပြင်းသေးတဲ့အတွက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရဲ့ ဂန္ဓကုဋိတိုက်အတွင်းကနေ သုဝဏ္ဏပါသာဒ ရွှေကျောင်းတော်ကြီးရဲ့ အပေါ်က ပန်းဆွဲတို့၊ အရန်စေတီတို့၊ ထီးတော်တို့ဟာ ငလျင်လှုပ်ခတ်မှုကြောင့် မြေခပါတယ်။ ဒုတိယအကြိမ်မှာ ပိုမိုပြင်းထန်စွာ လှုပ်ခတ်တဲ့အတွက် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးရဲ့ ဘုံခုနစ်ဆင့်မှာတင်ထားတဲ့ ထီးတော်ထိပ်က စိန်ဖူးတော် မြေခပါတယ်။ အဲဒီနေ့က တပေါင်းလကွယ်နေ့လည်းဖြစ်တယ်။ ရဟန်းရှင်လူ၊ ပြည်သူ၊ ဘုရားဖူးတွေလည်း စည်ကားနေတဲ့ အချိန်ဖြစ်တဲ့အတွက် စောင်းတန်းလေးသွယ်၊ မဟာမုနိဘုရားကြီးရဲ့ သုဝဏ္ဏပါသာဒ ရွှေကျောင်းတော်ကြီးဟာလည်း တိုင်ပေါင်း ၁၃၂ တိုင်ရှိတယ်။ ကုန်းတွေလည်းကုန်းပေါင်း မြောက်မြားစွာရှိပါတယ်။ ငလျင် ဒုတိယအကြိမ် လှုပ်ခတ်တဲ့အချိန်မှာ ကုန်းတွေက အင်္ဂတေတွေပြုတ်ကျပါတယ်။ တချို့တစ်ဝက်ဆိုရင်လည်း ကုန်းတွေက ရှေးအုတ်တွေနဲ့ လုပ်ထားတာဖြစ်တဲ့အတွက် အနည်းအကျဉ်းက ပေါက်ထွက်လာပါတယ်။ အဲဒါကြောင့် ၃၁ ရက်မှာဆိုရင် နေပြည်တော်က ပညာရှင် အင်ဂျင်နီယာ ဦးကျော်လွင်ဦး ရောက်လာပါတယ်။ သူကကြည့်ပြီးတော့ ထီးတော်က အမြန်ဆုံးလုပ်ဆောင်လို့ ရနိုင်တယ်ဆိုပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဆီကို ဖုန်းနဲ့ အဆက်အသွယ်လုပ်တော့ သူကိုယ်တိုင်ကြည့်ပြီးမှ ဒါကို အမြန်ဆုံး ဆောင်ရွက်ပေးပါမယ် ဆိုတာကို ပညာရှင်တွေနဲ့ ကျွန်တော်တို့ဂေါပကအဖွဲ့၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး အားလုံး ရဟန်းရှင်လူပြည်သူ ဖူးမြော်နိုင်အောင် သုဝဏ္ဏပါသာဒ ရွှေကျောင်းတော်ကြီးကို မဟာမုနိကိန်းဝပ်စံပယ်တဲ့ ဂန္ဓကုဋိတိုက်ရော၊ အပေါ်ဘုံခုနစ်ဆင့်မှာတည်ထားတဲ့ ထီးတော်တွေနဲ့ ငှက်မြတ်နားတော်တွေ၊ စိန်ဖူးတော်တွေလည်း အကုန်ရှာဖွေပြီး ကျွန်တော်တို့တည့်မတ်ပြီးမှ အမြန်ဆုံးပညာရှင်နဲ့ ပူးပေါင်းပြီးမှ ကျွန်တော်တို့ လုပ်ငန်းတွေကို ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက် အောင်မြင်အောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အောင်မြင်လည်းအောင်မြင်မှာပါ။ အားလုံးသဒ္ဓါတရားနဲ့ လုပ်မယ်ဆိုရင် မအောင်မြင်နိုင်စရာမရှိပါဘူး။ တစ်နေ့တည်းနဲ့ လုပ်လို့မရဘူး။ လုပ်ငန်းပြီးမြောက် အောင်မြင်အောင် ပညာရှင်တွေနဲ့ ငွေရေးကြေးရေး၊ လူအား၊ ငွေအား၊ သဒ္ဓါအား၊ အကြံဉာဏ်အားတွေ ပူးပေါင်းပြီး ဆောင်ရွက်သွားမယ်ဆိုရင် အမြန်ဆုံးပြီးမြောက်မယ်လို့ ပြောကြားလိုပါတယ်။ **သတင်းစဉ်**



ဦးမြင့်(ဥက္ကဋ္ဌ)

# ဩစတြေးလျအစိုးရမှ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ ရောက်ရှိ




နေပြည်တော် ဧပြီ ၈

နိုင်ငံတော်အစိုးရ အနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဩစတြေးလျအစိုးရမှ လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါပစ္စည်းများမှာ ဆိုလာမီးအိမ်များ၊ အိမ်သုံးပစ္စည်းများနှင့် ဆေးဝါးများ ၃၇၄၁၅ ကီလိုဂရမ်ပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံရုံးမှ Changed Affaires ဖြစ်သူ Ms. Angela Jane Corcoran၊ ရန်ကုန်မြို့ရှိ WFP ရုံးမှ Deputy Country Director ဖြစ်သူ Ms. Sheela Matthewတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပေးပြီး လှိုင်သာယာမြို့နယ် ဘီအိုစီဝင်းရှိ WFP သိုလှောင်ရုံသို့ ဆက်လက်သယ်ဆောင်သွားကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဘေးဒုက္ခအပြီးတွင် ကြံ့ကြံ့ခံနိုင်သည့် မြန်မာနိုင်ငံသည် ပြန်လည်ရှန်းထလာပါလိမ့်မည်

နိုင်ငံတကာပညာရှင်များ

၈ ဧပြီ ၂၀၂၅

၂၀၂၅ ခုနှစ်အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများဖိုရမ်တွင် ပါဝင်တက်ရောက်ခဲ့သည့် ကျွန်ုပ်တို့သည် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံကို လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြီးကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းအတွက် တုန်လှုပ်ခဲ့ရပါသည်။

မြန်မာနိုင်ငံ၏ မိတ်ဆွေများဖြစ်ပြီး ကောင်းမွန်သော စေတနာထားရှိကြသည့် ကျွန်ုပ်တို့သည် ဝမ်းနည်းကြေကွဲဖွယ်ရာ အသက်ဆုံးရှုံးမှုများအတွက် အလွန်ပင် ထပ်တူဝမ်းနည်းကြေကွဲကြရပြီး ငလျင်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများအပေါ် ရင်နှင့်ထပ်တူ စာနာဝမ်းနည်းကြရပါသည်။

ရဲစွမ်းသတ္တိရှိကြသော မြန်မာပြည်သူများသည် ယခုဘေးဒုက္ခဆိုးကြီးကို တွန်းလှန်ရန်အတွက် ညီညွတ်စွာ အတူရပ်တည်ကြပြီး ယခင်များနှင့်မတူသည့် တောင့်တင်းခိုင်မာသော အင်အားများ ဖြစ်ထွန်းလာကြလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

မြန်မာပြည်သူများသည် နက်ရှိုင်းလှသော ယဉ်ကျေးမှုအရင်းအမြစ်များမှ ထွက်ပေါ်လာသည့် အားမာန်များရယူကာ တောက်ပသော အနာဂတ်အတွက် သူတို့၏လှပသောနိုင်ငံကို တစ်ဆင့်ချင်း တစ်လွှာချင်း ပြန်လည်တည်ဆောက်ကြပါလိမ့်မည်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဖိုရမ်တက်ရောက်ခဲ့ကြသည့် နိုင်ငံတကာပညာရှင်များ

## မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

မန္တလေး ဧပြီ ၈

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှူငွေကျပ်သိန်း ၁၀၀ ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

### ဆောင်ရွက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း ကူညီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြိုကျပျက်စီးအဆောက်အအုံများနှင့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဧပြီ ၈

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့်လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကေလာကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော်အားဖူးမြော်၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုကြသည်။ ယင်းနောက် သာလေးကျေးရွာအုပ်စု နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရားသို့ သွားရောက်၍ ဘုရားရင်ပြင်တော်၌ စကျင်ကျောက်များ ခင်းကျင်းထားရှိမှု၊ စေတီတော် ပြန်လည်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် နန့်ပန်ကျေးရွာအုပ်စု နောင်ကန်ဘုန်းတော်ကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ဆက်လက်၍ နမ့်ပန်ကျေးရွာ ဟိုတယ်ဇုန်လေ့ဆိပ်၌လည်းကောင်း၊ ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လည်းကောင်း၊ နန်းဟူးကျေးရွာဖောင်တော်ဦးဘုရား၌လည်းကောင်း စုစုပေါင်းငါးကောင်ရေ ၅၀၀၀၀ အား စုပေါင်းငါးများ လွှတ်ပေးခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများအားကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိကအဆောက်အအုံများအား ပြန်လည်ဖယ်ရှားရှင်းလင်းရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ သာသနိကအဆောက်အအုံများ၊ အရန်စေတီများအား ပြန်လည်ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ဂန္ဓာရုံဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်သင့်ပြည်သူများအား ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိကဆောက်အအုံများ၊ အရန်စေတီများ ပြိုကျပျက်စီးမှုများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း၊ မြို့ပေါ်ရှိ လူနေအိမ်များ ပြိုကျပျက်စီးမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလေးတောင်ခြေရှိ ဇိနေဒယသီလရှင်စာသင်တိုက်၊ ခင်မကန်ကျောင်းတိုက်၊ ချမ်းမြသာစည်ပရိယတ္တိစာသင်တိုက်၊ ချမ်းအေးသာစံမြို့နယ် ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းများသို့ သောက်သုံးရေ၊ ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် မန္တလေးမြို့ရှိ အင်ကြင်းကွန်ဒို၊ ဂရိတ်ဝေါ(လ်) ဟိုတယ်တို့တွင် နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ချမ်းမြသာစည် လေယာဉ်ကွင်းအဟောင်းနှင့် မန္တလာသီရိအားကစားကွင်းတို့၌ ပြည်ပနိုင်ငံများမှ ဆေးအကူအညီပေးရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဆေးကုသပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် မန္တလေးမြို့ သမိုင်းဝင်အရိပ်မထွက်ဘုရားကြီး၊ မဟာမုနိဘုရားကြီး၊ အမရပူရမြို့နယ်ရှိ မဟာစန္ဒာမုနိဘုရားကြီးနှင့် စတုဘုမ္မိကကျွန်းကျောင်း မဂ္ဂင်ရိပ်သာနှင့် မိုးကုတ်ဆရာတော်ကြီး သီတင်းသုံးနေထိုင်တော်မူသော မင်္ဂလာတိုက်ကျောင်းတို့အား သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုများကိုလည်းကောင်း၊ ကျောက်သေတ္တာစေတီ ရွေ့လျားသွားမှုအခြေအနေများအား နေ့ညမပြတ် CCTV ဖြင့် စောင့်ကြည့်နေမှုအခြေအနေများကိုလည်းကောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်းရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့်နေရာများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ စေတနာရှင် အလှူရှင်များကလှူဒါန်းသော လှူဖွယ်ပစ္စည်းများအား လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းနောက် ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ၌ လုပ်ငန်းများအမြန်ဆုံး လည်ပတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ ဆက်လက်၍ ဆင်မင်းဘိလပ်မြေစက်ရုံ၊ ကြံနှစ်ကောင်ဘိလပ်မြေစက်ရုံနှင့် အယ်ဖာဘိလပ်မြေစက်ရုံများသို့ သွားရောက်၍ အပျက်အစီးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် လျှပ်စစ်မီးများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်လည်ပတ်နိုင်ရေးတို့အား မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများကလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများအား စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**မန္တလေး ဧပြီ ၈**

မန္တလေးမြို့တွင် သဘာဝဘေးအန္တရာယ်များ ကင်းဝေးစေရေးနှင့် ရဟန်းရှင်လူ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အလို့ငှာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ဒုတိယ ပါမောက္ခချုပ်(စီမံ)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ပဒုမသာရ အမှူးပြုသော ဆရာတော် ကိုးပါးတို့က မြတ်စွာဘုရားရှင်၏ အန္တရာယ်ကင်းပရိတ်တရားတော်များကို မော်တော်ယာဉ်ဖြင့် ယနေ့ ညနေ ၄ နာရီ ၅ မိနစ်မှ စတင်၍ မန္တလေးမြို့အတွင်း လှည့်လည်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

အလားတူ ဝတ်အသင်းများကလည်း သက်ဆိုင်ရာမြို့နယ် အသီးသီးတွင် ယနေ့ ည ၇ နာရီမှ စတင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ကြရာ ယနေ့ ညပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီးတွင် ရွတ်ဖတ်ပူဇော်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ တက်ရောက်ကြည့်ရှုကြပြီး ဝတ်အသင်းများက ရတနာ့သုတ် ပရိတ်တရားတော်များအား ရွတ်ဖတ်ပူဇော်ကြပြီး အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့သခဲ့ကြသည်။

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဧပြီ ၁၆ ရက်အထိ ၉ ရက်တိုင် နေ့စဉ် ည ၇ နာရီမှ စတင် ၍ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀
















# ကံမမြို့၌ ဝတ်ရွတ်စဉ်အဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ကံမ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၆ရက် နံနက် ၈နာရီက အမှတ်(၂) ရပ်ကွက်၊ ရွှေစည်းခုံစေတီတော် သဟပုညကာရီမွှာရုံ၌ မြို့ပေါ်ရပ်ကွက်များမှ ဝတ်အသင်းများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော ဝတ်အသင်းများက ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသော အလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် စာနာနားလည်မှုများနှင့် အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့ရက်အဖြစ် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

၀-၀-၀-၀-၀



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး မေ ၈**

အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတောင်ဘက် မေတ္တာရေကန်တွင် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများက စုပေါင်း၍ ဇီဝိတဒါနအဖြစ် မေတ္တာရေကန်တော်အတွင်း ၂ လက်မအရွယ် ရွှေဝါငါးကြင်းနှင့် ငါးခုံးမ အကောင်ရေ ၃၀၀၀၀ ကို လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ



## ပဲပုပ်စိုက်ကေအားလုံး ရိတ်သိမ်းပြီးစီး

**မြင်းခြံ မေ ၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ် အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲပုပ်များကိုလည်း စိုက်ပျိုးကြကြောင်း၊ မြင်းခြံမြို့နယ်အတွင်း ပဲပုပ်ကို ဧက ၆၂၀ဝ စိုက်ပျိုးခဲ့ရာ စိုက်ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲပုပ်ကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးပြီး ငါးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲပုပ်ကို ထွန်ကြောင်းဆွဲ၊ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး မြေပြုပြင်ခြင်း၊ သွင်းအားစု၊ မျိုး၊ လုပ်အားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး တောင်သူများက မြင်းခြံမြို့ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များ ရရှိလျက်ရှိကြောင်း ပဲပုပ်စိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (TFDA) က မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၄၀၀ ကျော် ထောက်ပံ့လှူဒါန်း

**ပွင့်ဖြူ မေ ၈**



မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ရန်အတွက် ယမန်နေ့က မြို့နယ်တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (TFDA)မှ တာဝန်ရှိသူများက အဆိုပါ မုန်းဇလဲကျေးရွာသို့ သွားရောက်၍ ငွေကျပ် သိန်း ၄၀၀ ကျော် ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ မီးဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာတွင် ပွင့်ဖြူမြို့နယ် တောင်သူဖွံ့ဖြိုးရေးအဖွဲ့ (TFDA) မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက မုန်းဇလဲကျေးရွာရှိ မီးဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားများ ပြောကြားပြီး မီးဘေးသင့်အိမ်ထောင်စု ၃၇၂ စုကို အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၈၀၀၀ နှုန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၄၀၁၇၆၀၀၀ အား မီးဘေးသင့်ပြည်သူများထံ စနစ်တကျ ထောက်ပံ့လှူဒါန်းကြသည်။

ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာတွင် မတ် ၁၂ ရက်က ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကျေးရွာရှိ အိမ်ခြေ ၄၅၀၊ အိမ်ထောင်စု ၄၇၀ ရှိသည့်အနက် အိမ်ခြေ ၃၆၀ မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၃၇၂ စု၊ လူဦးရေ ၁၄၄၅ ဦး၊ မီးဘေးသင့်ခဲ့ရပြီး ယခုလက်ရှိတွင် အဆိုပါ ကျေးရွာရှိ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ဝေး၊ ရပ်နီးမှ စေတနာအလှူရှင်များ စုပေါင်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သော စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(၄၄၅)**

## နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်

**ကျွန်းလှ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသားကျောင်းသူများ နွေရာသီကျောင်းပိတ်ရက် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကြိုက်နှစ်သက်သည့် အားကစားနည်းများ လေ့ကျင့်သင်ကြားနိုင်ရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ အားကစားသင်တန်းများအဖြစ် ဘောလုံးသင်တန်းကို ရွှေကျွန်းမြေအားကစားကွင်း၌လည်းကောင်း၊ ပိုက်ကျော်ခြင်း၊ အေရိုးဗစ်နှင့် Myanmar Fitness Dance သင်တန်းများကို မိုးလုံလေလုံ အားကစားခန်းမ၌လည်းကောင်း၊ သက်ဆိုင်ရာနည်းပြများက စနစ်တကျ ရက် ၂၀ ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။



**(အောက်ပုံ)**

**(၄၈၀)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ




**မိုင်းယောင်း မေ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ မေ ၇ ရက် နံနက်ပိုင်းက "ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး" Talk Show ကျင်းပသည်။

**(ဝဲပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးကို ကိုဗစ်-၁၉ ရောဂါဝင်ရောက်မွှေနှောက်ခဲ့မှုကြောင့် လူသားထုတစ်ရပ်လုံး ဖရိုဖရဲဖြစ်ခဲ့ရကြောင်း၊ အဆိုပါ ကမ္ဘာ့ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများ၌ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးများ သိသိသာသာ ထိခိုက်ခဲ့ရပြီး နောက်ဆက်တွဲ ဆိုးကျိုးတစ်ခုအနေဖြင့် အသက်(၁၈)နှစ်အောက် ကလေးများ စာသင်ခန်း၌ ပညာမသင်ကြားနိုင်ကြဘဲ မိသားစုစားဝတ်နေရေးကို ပခုံးထမ်းနေကြရသဖြင့် တချို့ကလေးများမှာ လမ်းပျောက်များ ဖြစ်နေကြကြောင်း ဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ကလေးအလုပ်သမား တိုးပွားလာမှုကို ထိန်းချုပ်နိုင်ရန် ပြည့်စုံသည့် လူမှုအကာအကွယ်ရှိခြင်း၊ ဆင်းရဲသော မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အရွယ်ရောက်ပြီးသူများအတွက် သင့်လျော်သော အလုပ်အကိုင်များပေးခြင်း၊ စာသင်ကျောင်းများသို့ ကလေးငယ်များ အားလုံးရောက်ရှိပညာသင်ကြားစေခြင်း စသောလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်၍ လုပ်ငန်းကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ကြမှသာ ကလေးအလုပ်သမားများပြားလာခြင်းကို ဟန့်တားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး အတွင်း ငလျင်ဘေးဒဏ်သင့် နေရာများတွင် ကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် စေတနာ ရှင်၊ အလှူရှင်များက အလှူငွေ များ၊ စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ် လှူဒါန်းလျက်ရှိရာ ယနေ့နံနက် ပိုင်းက အလှူရှင်များက မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းကြရာ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေး အပ်ခဲ့သည်။

ထိုသို့ လှူဒါန်းမှုတွင် မန္တလေးမြို့အခြေစိုက် တရုတ် ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယ ကောင်စစ်ဝန်ချုပ် Mr.Zhang Wei နှင့် အလှူရှင်များဖြစ်သည့် China National Petroleum Corporation (CNPC)က ငလျင်ဘေးသင့် ပြည်သူများ အတွက် ဒေါ်လာ ၅ သောင်း တန်ဖိုးရှိ စားသုံးဆီများ၊ အသင့် စားခေါက်ဆွဲထုပ်များနှင့် ဆန် အိတ်များကို လည်းကောင်း၊ မန္တလေး-တရုတ်လုပ်ငန်းရှင် များအသင်းက အလှူငွေကျပ် သိန်း ၁၀၀၀ နှင့် ငွေကျပ် သိန်း ၂၃၀တန်းဖိုးရှိ လူသုံးကုန်နှင့် စားသောက်ကုန်များကို လည်း ကောင်း၊ Myanmar Conch Cement Co.Ltd. က အလှူငွေ ကျပ်သိန်း ၅၀၀ နှင့် ငွေကျပ် သိန်း ၉၀ တန်ဖိုးရှိ ရေသန့်ဘူး ၃၀၀၀၀ကို လည်းကောင်း၊ မြန်မာစီချမ်-ချုံချင်း အထွေထွေ ကုန်သည်ကြီးများအသင်းနှင့် CKYY Co.,Ltd က အလှူငွေ ကျပ်သိန်း ၅၀၀ နှင့် လူသုံးကုန် ပစ္စည်း(၁၅)မျိုးကိုလည်းကောင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီ လုပ်ငန်းရှင်များအသင်းက ငွေကျပ် သိန်း ၂၄၀ တန်ဖိုးရှိ ဆီ(၃၀၀၀) ပိဿာနှင့် ငွေကျပ်သိန်း၃၀ တန်ဖိုးရှိ ရေသန့်ဘူး(၁၀၀၀) ကို လည်းကောင်း၊ Power X Co.,Ltd. ကုမ္ပဏီမှ ဦးဆောင် ၍ အလှူရှင်များက Power X Power Station 500W တစ်လုံး၊ ဆိုလာပြား 160 W တစ်ခု၊ ဖျာနှင့် ခြင်ထောင်၊ ထမင်းပေါင်းအိုးတစ်လုံး၊ LED မီးသီးများ ပါဝင်ပြီး စုစုပေါင်း (၆၅)သိန်းတန်ဖိုးရှိ လူဦးရေ(၈) ဦး အသင့်နေထိုင်နိုင်သည့် ယာယီ အဆောက်အအုံ ကနဦး(၅၀)လုံး ကိုလည်းကောင်း ပေးအပ်လှူဒါန်း ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်အဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ များ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ကူညီရှာဖွေကယ်ဆယ် ရေးလုပ်ငန်းများ၊ ပြိုကျပျက်စီး အဆောက်အအုံများနှင့် အန္တရာယ် ရှိ အဆောက်အအုံများ ဖယ်ရှား ရှင်းလင်းခြင်းများကို အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို အမြန်ဆုံးဆောင်ရွက် နိုင်ရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀













## ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၄၂၀ အလှူခံရရှိ

**တောင်တွင်းကြီး ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သဘင်၊ ဂီတ၊ အနုပညာရှင်များပူးပေါင်း၍ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ ဆေးဝါး၊ အဝတ် အထည်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းနိုင်ရန်အတွက် ဧပြီ ၁ ရက်မှ ၆ ရက်အထိ တောင်တွင်းကြီးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအား လှည့်လည် အလှူခံခြင်းနှင့် မြို့နယ်စည်ပင်သာယာဈေးအနီးတွင် အလှူခံဌာန ဖွင့်လှစ်ခဲ့သည်။

ထိုသို့ အလှူခံရာတွင် အလှူခံရရှိငွေကျပ်သိန်း ၄၂၀၊ ဆန်အိတ် ၆၀၊ ရေသန့်ဘူးကတ် ၁၀၀၊ ငါးသေတ္တာ ၁၁ ကတ်၊ ဆီ ၅၀ကျပ်သား နှစ်ဘူး၊ အချိုရည် သုံးကတ်၊ မုန့်သုံးပါကင်၊ မလိုင် ၄၁ ဘူး၊ ခေါင်းအုံး ၁၂လုံး၊ ခြင်ထောင် ၁၀ လုံး၊ အဝတ်အထည် သုံးထုပ်တို့ကို လက်ခံ ရရှိခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ ဝန်ထမ်းအိမ်ရာ၊ အဆောင်၊ တိုက်ခန်းများကို ကြည့်ရှုစစ်ဆေး၊ ယာယီရွှေ့ပြောင်းနေထိုင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြား

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များ၊ တိုက်ခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယာယီရွှေ့ပြောင်းနေထိုင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းများ၏အိမ်ရာ၊ အဆောင်၊ တိုက်ခန်းများကို သွားရောက်စစ်ဆေးရာတွင် အောင်မြေသာစံမြို့နယ်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အရှေ့ပြင်ဝန်ထမ်းအိမ်ရာစခန်း၊ ပုသိမ်ကြီးမြို့နယ်ရှိ အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၊ ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ် (၁၁-၂)တို့ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၏ အိမ်ရာ၊ အဆောင်၊ တိုက်ခန်းနေရာများသို့ရောက်ရှိစဉ် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု လုံးဝပျက်စီးအဆောက်အအုံများ၊ တစ်စိတ်တစ်ပိုင်းပျက်စီးမှုနှင့် အနည်းငယ်ပျက်စီးမှုအခြေအနေများ၊ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်သူကို ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာရုံးများ ပုံမှန်အတိုင်းအမြန်ဆုံး လည်ပတ်နိုင်ရေး၊ အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများနှင့် ပတ်သက်ကျွမ်းကျင်ပညာရှင်များပါသော နည်းပညာစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းများနှင့် ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးပြောကြားခဲ့ပြီး ယာယီပြောင်းရွှေ့နေထိုင်နေကြရသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ အခြေခံလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်နေမှုများနှင့် တစ်ကိုယ်ရေကျန်းမာရေးကို အထူးဂရုစိုက်ပြီး နေထိုင်သွားရေးတို့ကိုပြောကြားပြီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

၎င်းနောက် အောင်တံခွန်ဈေးတွင် ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ လမ်း ၃၀ နှင့် ၃၁လမ်းကြား၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား(ယခင်မင်္ဂလာဈေးနေရာ)တွင် အခြေပြုကာ ထိုင်းနိုင်ငံမှ ကူညီရှာဖွေကယ်ဆယ်မှု အထောက်အကူပြုအဖွဲ့နှင့် ဆေးကုသမှု အထောက်အကူပြုအဖွဲ့တို့မှ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်နေမှုများကို လည်းကောင်း၊ ဗထူးအားကစားကွင်းတွင်အခြေပြုကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မစ္စတာချိန်ဖိတ် ဦးဆောင်သော ကြယ်ကျောင်းပြည်နယ်ကြက်ခြေနီအဖွဲ့မှ ယာယီဖွင့်လှစ်ထားသည့် အဆောက်အအုံများတွင် ပျက်စီးဆုံးရှုံးမှုများကြောင့် နေထိုင်ရန်အခက်အခဲရှိသူများအား နေရာချထားပေးမှု အခြေအနေများကိုလည်းကောင်း၊ စင်ကာပူနိုင်ငံအရေးပေါ်ဆေးကုသရေးအသင်းမှ အခမဲ့အရေးပေါ် ယာယီဆေးကုသရေး စခန်းဖွင့်လှစ်၍ ဆေးကုသပေးနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးခဲ့သော ၁၁ ထပ်ရှိ Sky Villa အဆောက်အအုံအား ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် အေးရှားဝေါဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးရန်ရောက်ရှိလာသည့် (၂၂၀ တန်) ကရိန်းယန္တရားယာဉ်ဖြင့် ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့် အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်သွားရန်တို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











သတင်း-စာမျက်နှာ ၁၃
















သတင်း-စာမျက်နှာ ၁၃


















သတင်း-စာမျက်နှာ ၁၃






















# ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ ငလျင်ဘေးသင့်ပြည်သူများအတွက် မြို့တော်စည်ပင်ကွပ်ကဲရေးရုံးနေရာသို့ အသုံးဆောင်ပစ္စည်းများနှင့် ရေသန့်ကတ်များကို ဒုတိယအကြိမ်မြောက် လာရောက်လှူဒါန်း

**မန္တလေး ဧပြီ ၈**

ငလျင်ဘေးသင့်ပြည်သူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကြံ့နှစ်ကောင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ရေသန့်ကတ် ၂၀၀ ၊ DB အိတ် ၁၀၀ ပါ ၅ အိတ်၊ ပိုးသတ်ဆေးရည် ၅ ပုံးနှင့် ဆေးဖျန်းပုံးကြီး ၅ ပုံးတို့ ကို ယနေ့နံနက်ပိုင်းက မြို့တော်စည်ပင်ယာယီကွပ်ကဲရေးရုံးနေရာသို့ လာရောက်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက လက်ခံရယူပြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)





# ငလျင်ဘေးသင့်ပြည်သူများအတွက် ကွပ်ကဲရေးရုံးသို့ ငွေကျပ်သိန်း ၁၁၀ လာရောက်လှူဒါန်း

**မန္တလေး ဧပြီ ၈**

ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရန် မန္တလေးမြို့၊ မြို့တော်ညဈေးနှင့် မနော်ရမ္မံ (ရတနာပုံ-စ)ဈေးသူ၊ ဈေးသားများက ငွေကျပ်သိန်း ၁၁၀ ကို ယနေ့ မွန်းလွဲပိုင်းက ကွပ်ကဲရေးရုံးသို့ လာရောက်လှူဒါန်းရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက လက်ခံခဲ့ပြီး ကျေးဇူးစကားပြောကြားကာ ဂုဏ်ပြုလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



# ငလျင်ဘေးသင့် ဒေသများသို့ လှူဒါန်းရန် ဆီတစ်ဘူးလျှင် ၄၀၀၀ ကျပ်ဖြင့် ရောင်းချပေးမည်

**မန္တလေး ဧပြီ ၈**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒေသများသို့ လှူဒါန်းနိုင်ရန်အတွက် ဆီ(၅၀)ကျပ်သားဘူးများကို တစ်ဘူးလျှင် ၄၀၀၀ ကျပ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။




ထို့ပြင် စစ်ကိုင်း၊ မန္တလေး၊ နေပြည်တော်သို့ အခကြေးငွေမယူ ပို့ဆောင်ပေးမည်ဖြစ်ပြီး စေတနာရှင်များအနေဖြင့် လာရောက်ဝယ်ယူနိုင်ကြောင်း အသိပေးထားသည်။

ဝယ်ယူလိုပါက MYANMAR EXPO@FORTUNE PLAZA တွင် နံနက် ၉ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ လာရောက် ဝယ်ယူနိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၆)

# ငလျင်ဘေးသင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၈၂လမ်းနှင့် ၃၂လမ်းထောင့်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၁လမ်း၊ ၅၁လမ်းနှင့် ၅၃လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို ဧပြီ ၉ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)၊ ဒေါနဘွားရပ်ကွက်၊ အုတ်စက်ရွာလယ်ဓမ္မာရုံ နှင့် အမရပူရမြို့နယ်၊ ပွဲတော်ဘုန်းကြီးကျောင်းလမ်းအနီး၊ ရွာလယ်လမ်းဆုံ၊ ကျန်တန်းရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ဟေမာဇလရပ်ကွက်နှင့် ချမ်းမြသာစည်မြို့နယ်၊ ၈၂လမ်း၊ ထီးတန်းပဲတန်းလမ်း၊ တမ္ပဝတီရပ်ကွက်၊ မုခ်ဦးတန်း ဓမ္မာရုံအနီးတွင်လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၉၁လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ စိန်ပန်းရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း၊ ဧပြီ ၁၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ အကွက်အမှတ်(၁၀၀)၊ မင်းတဲအီကင်းရပ်ကွက်ရုံးရှေ့တွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (ဂ)ရပ်ကွက်တွင်လည်းကောင်း၊ ဧပြီ ၁၃ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်နှင့် အမရပူရမြို့နယ်၊ လေးစုရပ်ကွက်ဓမ္မာရုံ၊ အထက(၁) ကျောင်းအနောက်ဘက်၊ လေးစုလမ်း၊ လေးစုရပ်ကွက်တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။




## ငလျင်ကြောင့် ရပ်နားထားသည့် မြန်မာအမျိုးသား လေကြောင်းလိုင်းမှ နေပြည်တော်နှင့် မန္တလေးခရီးစဉ်များအား ပြန်လည်ပြေးဆွဲ

**မန္တလေး ဧပြီ ၈**

ငလျင်ကြောင့် ရပ်နားထားသည့် နေပြည်တော်နှင့် မန္တလေး ခရီးစဉ်များကို မြန်မာအမျိုးသား လေကြောင်းလိုင်းမှ ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း MNA လေကြောင်းလိုင်းမှ ထုတ်ပြန်ထားသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် သဘာဝ ငလျင်ဘေးဒဏ်ကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသော မန္တလေးခရီးစဉ်များကို ဧပြီ ၄ရက်နှင့် နေပြည်တော်ခရီးစဉ်များကို ဧပြီ ၇ ရက်များမှစတင်၍ ပြန်လည်ပြေးဆွဲပေးနေကြောင်း သိရသည်။

အင်အားပြင်းငလျင် လှုပ်ခတ်မှုကြောင့် မန္တလေးနှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့တွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့သည်။

အင်အားပြင်းငလျင်ကြောင့် မန္တလေးလေဆိပ် အဆောက်အအုံအတွင်းပိုင်းရှိ မျက်နှာကြက်များ ပြိုကျခြင်း၊ အဆောက်အအုံ ထိခိုက်ပျက်စီးမှုအချို့ ရှိခဲ့သလို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## ငလျင်ဘေးသင့်ပြည်သူများ သောက်သုံးရေသန့်ရရှိစေရန် Authentic Group of Company မှ ရေသန့်စင်စက်များ ရွေ့လျားစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိ

**မန္တလေး ဧပြီ ၈**

ငလျင်ဘေးသင့် ပြည်သူများ သောက်သုံးရေခက်ခဲမှုမရှိစေရန်အတွက် Authentic Group of Company မှ ရေဂါလန် သုံးထောင်သန့်စင်ပေးနိုင်သော စက်နှစ်ခုဖြင့် မြို့တွင်းရွေ့လျားစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရေဂါလန် သုံးထောင်သန့်စင်နိုင်သော ရေသန့်စင်စက်များကို ယနေ့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မော်တော်ယာဉ်ဌာနရှိ ဝန်ထမ်းများ ယာယီဝန်ထမ်းအိမ်ရာအနီးတွင် စက်တစ်ခု၊ အောင်တံခွန်ဈေးအနီး ယာယီဝန်ထမ်းအိမ်ရာအနီးတွင် တစ်ခုထားရှိကာ ရေသန့်များ ဖြန့်ဝေပေးလျက်ရှိသည်။




နောက်ရက်များတွင် ရေလိုအပ်ချက်ရှိသော နေရာများသို့ လိုက်လံဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ရေသန့်လိုအပ်ချက်ရှိသောနေရာများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ဖွင့်လှစ်ထားသော ကွပ်ကဲရေးရုံးတွင် လာရောက်တင်ပြနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

## ငလျင်ဘေးသင့်ပြည်သူများအား စင်ကာပူနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ မန္တလေးတွင် ယာယီဆေးရုံ ဖွင့်လှစ်ကုသပေး




**မန္တလေး ဧပြီ ၈**

ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် စင်ကာပူနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးဆေးအဖွဲ့သည် မန္တလေး၊ လမ်း ၃၀နှင့် ၇၁ လမ်း၊ ဗထူးအားကစားကွင်းအတွင်း၌ ဧပြီ ၇ ရက်မှ စတင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အဆိုပါကုသပေးမှုများကို ဆေးအဖွဲ့ဝင် ၃၄ ဦးဖြင့် ဧပြီ ၇ ရက်မှ ၁၃ ရက်နေ့အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ကုသပေးမည်ဟု Singapore Emergency Medical Team မှ အဖွဲ့ခေါင်းဆောင် Raihan Rafidk က ပြောသည်။

"ကျွန်တော်တို့အဖွဲ့မှာ ကျွမ်းကျင်ပညာရှင်တွေနဲ့ လိုင်စင်ရဆရာဝန်တွေပါပါတယ်။ အဓိကတော့ ရှေးဦးကုသရေး ဆောင်ရွက်ပေးမှာဖြစ်ပြီး လိုအပ်ရင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ခုတင် ၅၅၀ ဆေးရုံ၊ အရိုးအထူးကုဆေးရုံတွေနဲ့ ချိတ်ဆက်ထားပြီး လူနာပို့ဆောင်ပေးမယ်"ဟု ၄င်းက ပြောသည်။

စင်ကာပူအရေးပေါ်ကယ်ဆယ်ရေးဆေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ချိတ်ဆက်ကာ ငလျင်ဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုအပ်သည်များ ပံ့ပိုးကူညီပေးကြောင်း၊ မန္တလေးဆေးတက္ကသိုလ်မှသူနာပြုများ၊ ဘာသာပြန်များနှင့်အတူ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

## ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းဖြစ်နိုင်ခြေ မြင့်တက်လာ

ပစိဖိတ်သမုဒ္ဒရာ မုန်တိုင်းများ စောင့်ကြည့်သတိပေးနေသော JTWC ၏ ဧပြီ ၆ရက် မွန်းလွဲ ၁ နာရီ ခန့်မှန်းချက်အရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းဖြစ်လာနိုင်ခြေရှိသဖြင့် စောင့်ကြည့်ရမည့်စနစ် (IMVEST .92B) အခြေအနေရှိကြောင်း ZOOM EARTH နှင့် TROPICAL TIVITS SITE များတွင် ဖော်ပြထားသည်ဟု သိရသည်။

ထို့အပြင် ECMWF CYCLONE မုန်တိုင်းဖြစ်ပေါ်နိုင်ခြေ စောင့်ကြည့်သည့် Site တွင်လည်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းပင်လယ်ပြင်အတွင်း မုန်တိုင်းဖြစ်နိုင်ခြေ ၁၀၀ ရာခိုင်နှုန်းရှိလာသည်ဟု ဆိုသည်။

"ဧပြီ ၉ ရက်မှ ၁၁ ရက်အတွင်း အရှေ့မြောက်ဘက်ကို ဆက်လက်ရွေ့လျားနိုင်တဲ့ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းမှာ ဆိုင်ကလုန်းမုန်တိုင်းဖြစ်နိုင်ခြေ ၇၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသလို အလားတူ ECMWF AICH-ART မှာ တိမ်ဖုံးအုပ်မှု ကြိုတင်ခန့်မှန်းချက်အရ ရခိုင်ကမ်းရိုးတန်းဘက် ရွေ့လျားလာနိုင်ခြေရှိပါတယ်"ဟု မိုးလေဝသပညာရှင် ဦးဝင်းနိုင်က ခန့်မှန်းပြောကြားသည်။

ဧပြီ ၇ ရက်မှစတင်ပြီး ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းမှ တစ်ဆင့် မုန်တိုင်းဖြစ်လာနိုင်ခြေနှင့် မြန်မာ့ကမ်းရိုးတန်းဘက်ကို ဆက်လက်ရွေ့လျားနိုင်ခြေ မြင့်တက်လာမည်ဖြစ်၍ ငလျင်ဘေးသင့်သူများအတွက် အမိုးအကာများ စီစဉ်ဆောင်ရွက်သင့်ကြောင်း ဆက်လက်ပြောကြားထားသည်။

မိုး/ဇလဗေဒဌာန၏ ဧပြီ ၆ ရက် ညနေ ၄ နာရီထုတ်ပြန်ချက်အရ ဧပြီ ၇ရက်နှင့် ၈ ရက်များတွင် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်းနှင့် မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ခြင်းကြောင့် ကြိုတင်သတိပြုကြရန် မိုး/ဇလဌာနမှ အကြံပြုထားသည်။ (မန္တလေးနေ့စဉ်-၉)

| ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဘောလုံးပြိုင်ပွဲ အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| အာဆင်နယ် | ၃ - ၀ | ရီးရဲလ်မက်ဒရစ် |
| ဘိုင်ယန်မြူးနစ် | ၁ - ၂ | အင်တာမီလန် |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄၁)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘလက်ဘန်း | ၂ - ၂ | ရှက်ဖီးလ်(Wed) |
| ဘရစ္စတိုး | ၂ - ၁ | ဝက်စ်ဘရွန်း |
| နော့ဝစ်ချ် | ၀ - ၀ | ဆွန်းဒါးလန်း |
| စတုတ်စီးတီး | ၁ - ၁ | လူတန် |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၄)ဌာနမှ သက်ဆိုင်ရာရုံးလုပ်ငန်းများနှင့် ငလျင်ဒဏ်သင့် အဆောက်အအုံများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဧပြီ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့အတွင်း စည်ပင်သာယာနှင့်ပတ်သက်သည့် လိုအပ်သော ရုံးလုပ်ငန်းပိုင်းဆိုင်ရာများအား ရုံးပိတ်ရက်များမှလွဲ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တောင်ဘက်အဝင်ပေါက်အနီးယခင် ဝန်ထမ်းဆိုင်ကယ်များထားရာနေရာတွင်လည်းကောင်း၊ ငလျင်ဒဏ်သင့် အဆောက်အအုံများနှင့်ပတ်သက်သည့်ကိစ္စရပ်များကို အများပြည်သူများအဆင်ပြေစေရန်အတွက် နေ့စဉ်မြို့တော်စည်ပင်ကွပ်ကဲရေးရုံး ၂၆ လမ်း ဝင်ပေါက်နေရာတို့တွင်လည်းကောင်း ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀








## မက်ဆီ အင်တာမိုင်ယာမီအသင်းကစားသမားဘဝ သွင်းဂိုး ၄၀ပြည့်မြောက်

**လန်ဒန် ဧပြီ ၈**

တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်း ကစားသမားဘဝ သွင်းဂိုးပေါင်း ၄၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

အဆိုပါတိုက်စစ်မှူးသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၄၇ပွဲကစားကာ ဂိုး၄၀အထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၃၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိနေပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်း မရှိသေးပေ။

မက်ဆီက "ကျွန်တော် အခုလို အင်တာမိုင်ယာမီအသင်းနှင့်အတူ သွင်းဂိုး ၄၀ပြည့်မြောက်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ဝဲပုံ)(NGB)**

## 2025 Oeiras Ladies Open တင်းနစ်ပြိုင်ပွဲ ဧပြီ ၁၄ရက်တွင် စတင်မည်

**လန်ဒန် ဧပြီ ၈**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Oeiras Ladies Open တင်းနစ်ပြိုင်ပွဲလာမည့် ဧပြီ ၁၄ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Oeiras Ladies Open တင်းနစ်ပြိုင်ပွဲကို ဧပြီ ၁၄ရက်မှ ၂၁ရက်အထိ ၈ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Oeiras Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Oeiras Ladies Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ နယ်သာလန်တင်းနစ်မယ် Suzan Lamens ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ပရီးမီးယားလိဂ်ထိပ်သီးကလပ် မန်ချက်စတာစီးတီးအသင်းသည် လေဗာကူဆင်အသင်း ကွင်းလယ်ကစားသမား ဖလော်ရီယန်ဗက်ဇ်အား ခေါ်ယူရန် အလျင်အမြန်စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် တောင်ပံကစားသမား ဒီယက်ဇ်သည် လာမည့် ဘောလုံးရာသီတွင် စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားသွားဖွယ်ရှိကြောင်းလည်း သတင်းများ ထွက်ပေါ်ခဲ့သည်။ **(NGB)**

## ရူဒီဂါအား လစာတိုး၍ စာချုပ်သက်တမ်းတိုးရန် ရီးရဲလ်မက်ဒရစ်အသင်းစီစဉ်

**မက်ဒရစ် ဧပြီ ၈**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းနောက်ခံကစားသမား ရူဒီဂါအား လစာတိုး၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။



အသက်(၃၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။


နောက်ခံကစားသမား ရူဒီဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၅ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် ရူဒီဂါအားလစာတိုး၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**

## လီဗာပူးအသင်းနှင့် စာချုပ်ကိစ္စဆွေးနွေးနေပြီဟု ဗန်ဒိုက်ချ် ပြောကြား

**လန်ဒန် ဧပြီ ၈**



လီဗာပူးအသင်း နောက်ခံကစားသမား ဗန်ဒိုက်ချ်က မိမိအနေဖြင့် အသင်းနှင့် စာချုပ်ကိစ္စဆွေးနွေးနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းကစာချုပ်ကိစ္စဆွေးနွေးနေပြီ ဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒိုက်ချ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၃ပွဲကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဗန်ဒိုက်ချ်က "အသင်းနဲ့ စာချုပ်ကိစ္စ ဆွေးနွေးနေပါပြီ။ ဒီကလပ်နဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်။ ကျွန်တော့်မိသားစုကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းဟာ ကျွန်တော့်အတွက်တော့ ကမ္ဘာ့ကြီးကျယ်အခမ်းနားဆုံး အသင်းတစ်သင်းပါ" ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## နည်းပြ နုစ္စတယ်ရှိုင်းအား ရာထူးမှချက်ချင်းထုတ်ပယ်ပေးရန် လက်စတာစီးတီးအသင်းထံ ပရိသတ်များတောင်းဆို

**လန်ဒန် ဧပြီ ၈**

လက်စတာစီးတီးအသင်း ပရိသတ်များသည် အသင်းနည်းပြ နစ္စတယ်ရှိုင်းအား ရာထူးမှ ချက်ချင်း ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုခဲ့ကြသည်။

ပရီးမီယားလိဂ်ပွဲစဉ်အဖြစ် လက်စတာစီးတီးအသင်းသည် နယူးကာဆယ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းပရိသတ်များက တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

လက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၃၁ပွဲကစားအပြီးတွင် ရမှတ် ၁၇မှတ်ဖြင့် အဆင့် ၁၉နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိသည်။

ထို့ကြောင့် လက်စတာစီးတီးအသင်းအနေဖြင့် အသင်းပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ နစ္စတယ်ရှိုင်းအား ရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## နည်းပြ အိုင်ဗန်ဂျူရစ် ဆောက်သမ်တန်အသင်းနှင့် လမ်းခွဲ


**လန်ဒန် ဧပြီ ၈**

ဆောက်သမ်တန်အသင်းနှင့် အသင်းနည်းပြ အိုင်ဗန်ဂျူရစ်နှင့် လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆောက်သမ်တန်အသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

နည်းပြ အိုင်ဗန်ဂျူရစ်သည် ဆောက်သမ်တန်အသင်းအား ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၂၃ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၆ပွဲတွင် ၂ပွဲနိုင်၊ ၁ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် နည်းပြ အိုင်ဗန်ဂျူရစ်နှင့် လမ်းခွဲပြီးနောက် အသင်းလက်ထောက်နည်းပြ ဆိုင်မွန်ရပ်စ်အား ယာယီနည်းပြအဖြစ် တာဝန်ပေးအပ်ခဲ့သည်။ **(အောက်ဝဲပုံ)(NGB)**



## ဒီလပ်စ်အား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း ဆွေးနွေး

**မန်ချက်စတာ ဧပြီ ၈**

ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာယူနိုက်တက်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် အဓိက ဦးစားပေးပစ်မှတ်အဖြစ် အစ်ပ်ဝစ်ချ်အသင်း တိုက်စစ်မှူး ဒီလပ်စ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိပြီဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အစ်ပ်ဝစ်ချ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒီလပ်စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အစ်ပ်ဝစ်ချ်အသင်း ပရီးမီးယားလိဂ်မှတန်းဆင်းရမည့် အရေးနှင့် ရင်ဆိုင်နေရခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် အစ်ပ်ဝစ်ချ်အသင်းထံမှ ဒီလပ်စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



### ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် (ပ-ကျော့) ဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၄-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၁း၃၀ နာရီ | ဘိုင်ယန်မြူးနစ် – အင်တာမီလန် |
| " | " | ဘာစီလိုနာ – ဒေါ့မွန် |

### ဥရောပလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၄-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၁း၁၅ နာရီ | အောက်စ်ဖို့ဒ် – ကျူပီအာ |
| " | " | ဆွမ်ဆီး – ပလိုင်းမောက် |
| ၁၀-၄-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၁း၃၀ နာရီ | ကိုဗင်ထရီ – ပလိုင်းမောက် |



## စိုက်ပျိုးရေးသုတေသနခြံ၌ နှမ်းပါးနှင့် နှမ်းမဲပေါင်းတင်နည်းစနစ်ဖြင့် စံပြကွက်စိုက်ပျိုးနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံ

**ပွင့်ဖြူ ဧပြီ ၈**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါ၍ ယမန်နေ့က ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၌ နှမ်းသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် နှမ်းပါးနှင့် နှမ်းနှမ်းပေါင်းကြီးတင်နည်းစနစ်ဖြင့် စံပြကွက် စိုက်ပျိုးနေမှုအား တက်ရောက်ကြည့်ရှုအားပေးပြီး နှမ်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအလိုက် လျာထားစိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဒေသခံတောင်သူများနှင့်အတူ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ ပွင့်ဖြူမြို့မကွင်း၊ ကွင်းအမှတ် (၉၀၅)တွင် နှမ်းပါးအောင်နိုင်တိုးနှင့် ဆာဖိုးသာစပါးမျိုးအား အင်ဂျင်ပါဝါခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းနှင့် နှမ်းနှမ်းပေါင်းကြီး တင်နည်းစနစ်ဖြင့် စိုက်ပျိုးပြသခြင်း စံပြကွက်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စံပြကွက်စိုက်ခင်းအနီးတွင် တက်ရောက်လာသည့် တောင်သူများနှင့် တွေ့ဆုံပွဲ ပြုလုပ်ရာ ဝန်ကြီးချုပ်ဦးတင့်လွင်က နှမ်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံအလိုက် လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးနှင့် အရည်အသွေးကောင်းမွန်သော သီးနှံများ ထွက်ရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နည်းစနစ်များနှင့်အညီ မြေမှန်၊ မျိုးမှန် စိုက်ပျိုးကြရေးတို့ကို မှာကြားသည်။

ထို့နောက် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန(မျိုးသန့်ခြံ) တာဝန်ခံ ဦးအောင်ချစ်က သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးသုတေသနခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး တောင်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နှမ်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားရေးနှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားရေးအတွက် မဲဇလီရေလွှဲဆည်ရေဖြင့် နှမ်းပါးစိုက်ဧက ၃၃၂၃၅ ဧက၊ နှမ်းနှမ်း ၂၇၁၉၃ ဧကတို့ကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး သတ်မှတ်စိုက်ဧကများ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် စိုက်ပျိုးနှင့် ပတ်သက်သည့် ဆက်စပ်ဌာနများက ဒေသခံတောင်သူများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

## ပြင်းထန်ငလျင်ကြီးလှုပ်ရှားပြီးနောက် ဧပြီ ၈ ရက် မွန်းလွဲပိုင်းအထိ နောက်ဆက်တွဲ ငလျင် ၁၀၀ ကျော် လှုပ်ရှားခဲ့

**မန္တလေး ဧပြီ ၈**



မန္တလေးမြို့အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာတွင် ဗဟိုပြု၍ မတ် ၂၈ ရက်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ မြေငလျင်ကြီးလှုပ်ရှားခဲ့ပြီးနောက် ဧပြီ ၈ ရက် မွန်းလွဲပိုင်းအထိ နောက်ဆက်တွဲ ငလျင်ငယ်လှုပ်ရှားမှုပေါင်း (၁၀၂)ကြိမ်ရှိပြီဖြစ်ပြီး အင်အား ရစ်ချ်တာစကေး ၃ နှင့် ၄ ဝန်းကျင် အင်အားအနည်းငယ်ဖြင့် အများဆုံးလှုပ်ရှားခဲ့သည်။

"ငလျင်လှုပ်မယ်ဆိုတာ ကြိုတင်ခန့်မှန်းလို့မရဘူး။ လှုပ်ပြီးမှသာ ဘယ်နေရာဗဟိုပြုပြီး ဘယ်လောက်ရှိမယ်ဆိုပြီး ပြောတာတွေကို မယုံကြဖို့လိုတယ်။ မိုးရွာမယ်၊ နေပူမယ်၊ ရေကြီးမယ်၊ မုန်တိုင်းတိုက်မယ်ဆိုတာကို ကြိုတင်ခန့်မှန်းနိုင်သလို မိုး/ဇလဌာနက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်" ဟု မိုး/ဇလမှ တာဝန်ရှိသူက ပြောသည်။

အင်အားပြင်းငလျင်လှုပ်ပြီးနောက်ပိုင်း ဧပြီ ၂၈ ရက်နေ့တွင် ငလျင်ငယ်လှုပ်ရှားမှု ၁၃ ကြိမ်၊ မတ် ၂၉ ရက်နေ့တွင် ၁၁ ကြိမ်၊ မတ် ၃၀ ရက်နေ့တွင် ၁၀ ကြိမ်၊ မတ် ၃၁ ရက်နေ့တွင် ၁၂ ကြိမ်၊ ဧပြီ ၁ ရက်နေ့တွင် ငလျင်ငယ် ၇ ကြိမ်၊ ၂ ရက်နေ့တွင် ၇ ကြိမ်၊ ၃ ရက်နေ့တွင် ၅ ကြိမ်၊ ၄ ရက်နေ့တွင် ၆ ကြိမ်၊ ၅ ရက်နေ့တွင် ၁၁ ကြိမ်နှင့် ၆ ရက်နေ့တွင် ၆ ကြိမ်၊ ၇ ရက်နေ့တွင် ၅ ကြိမ်၊ ၈ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၅၈ မိနစ်အထိ ၅ ကြိမ် လှုပ်ရှားခဲ့ရာ မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်နေ့အထိ ငလျင်ငယ်စုစုပေါင်း ၁၀၃ ကြိမ် လှုပ်ရှားခဲ့ကြောင်း မိုး/ဇလမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

## မန္တလေးမြို့တော်စည်ပင်ဝန်ထမ်းများအား အလှူငွေများ ထောက်ပံ့ပေးအပ်

**မန္တလေး ဧပြီ ၈**

ထိပ်တန်းရွှေဘုရင် စိန်ရွှေရတနာဆိုင်မိသားစုက ငလျင်ဘေးဒဏ်ခံစားခဲ့ရသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၄)ဌာနရှိ ဝန်ထမ်းများအား အလှူငွေများ ထောက်ပံ့လှူဒါန်းခြင်းအား ယနေ့ နံနက်ပိုင်းက အဆိုပါ ကော်မတီရုံးကြီးတွင် ကျင်းပခဲ့သည်။





ဌာန ၁၄ ခုနှင့် ကော်မတီရုံးမှ ဝန်ထမ်းများအပါအဝင် ဝန်ထမ်း ၁၀၀ ဦးနှင့် လမ်းတံတားဌာနမှ ဝန်ထမ်း ခုနစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ၅၃၅၀၀၀၀၊ ငလျင်ဘေးသင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ် သိန်း ၅၀၀ဝဝဝဝ စုစုပေါင်း ၁၀၃၅၀၀၀၀ ကျပ်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးများ လှိုင်လှိုင်ပေါ်

**ကျောက်ဆည် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို စိုက်ပျိုးကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ယခုအချိန်တွင် ခရမ်းသီးများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိသည်။

ခရမ်းသီးကို စိုက်ပျိုးပြီး သုံးလကျော်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်တစ်လခွဲအရွယ်တွင် စိုက်ပေါင်၌ ပေါင်ခတ်စနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြပြီး မြူပ်ခရမ်းအသေးမျိုးများကို စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျကြောင်း၊ မြူပ်ခရမ်းသီးကို လေးရက်ခြား တစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် ပိဿာချိန် ၄၈၀၀-၅၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်ဒေသတွင်း ရောင်းချမှုအပြင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## ဈေးနှုန်းမြှင့်တင် ရောင်းချခြင်းရှိ၊မရှိစစ်ဆေး

**ရေနံချောင်း ဧပြီ ၈**

ရေနံချောင်းမြို့မဈေးရှိ အမဲသား၊ ဝက်သား၊ ဆိတ်သားရောင်းသည့်ဆိုင်များကို သတ်မှတ်ထားသည့်ဈေးနှုန်းဖြင့် ဈေးမြှင့်တင်ရောင်းချခြင်း ရှိ၊ မရှိ ဧပြီ ၇ ရက် နံနက် ၈နာရီက လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ရေနံချောင်းမြို့နယ် ပြည်သူများဝယ်ယူရန်အတွက် အမဲသား၊ ဝက်သား၊ ဆိတ်သား ဈေးနှုန်းများကို ဗီနိုင်းပိုစတာဖြင့် ချိတ်ဆွဲထားရှိပြီး သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် ဈေးမြှင့်တင်ရောင်းချခြင်းရှိ၊ မရှိ ဝယ်ယူစားသုံးမှုအဆင်ပြေစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ (၄၇၂)



## ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေ

**အထက်မင်းလှ ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင် ၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဖေယျာသီရိဈေးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ဧပြီ ၇ ရက် နံနက် ၈နာရီက ဆောင်ရွက်သည်။

အဆိုပါအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

စာစာ(အထက်မင်းလှ)

## ထောပတ်ပဲသီးနှံ ရိတ်သိမ်းပြီးစီး

**ကျောက်ဆည် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံကို စိုက်ပျိုးထားရှိကြောင်း၊ ထောပတ်ပဲ(ဆောင်း)သီးနှံကို မြစ်သားမြို့နယ်တွင် ဧက ၁၆၀ စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် ရိတ်သိမ်းပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

ထောပတ်ပဲ(ဆောင်း)ကို စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မတ်လနှင့်ဧပြီလများတွင် ရိတ်သိမ်းထွက်ပေါ်ကြောင်း ထောပတ်ပဲမျိုးများမှာ ပင်ထောင်ထောပတ်ပဲမျိုးနှင့် ပင်ပြန့်ထောပတ်ပဲမျိုးများဖြစ်ပြီး ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေပြုပြင်၍ အတန်းလိုက်စိုက်ပျိုးကြပြီး မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ကျော်ခန့် ကုန်ကျပြီး တစ်ဧကလျှင် ၉-၁၀ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကာ တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀



## ရွှေဖရုံကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိ

**မန္တလေး ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ရွှေဖရုံကို မိသားစုအပိုဝင်ငွေရရှိရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ ယခုအချိန်တွင်စီးပွားဖြစ်စိုက်ပျိုးလာကြသည်။


ရွှေဖရုံသီးကို ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး လေးလခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ဘူးသီး၊ ဖရုံမျိုးနှင့် ရွှေဖရုံမျိုး(အဝါရောင်)များကို စိုက်ပေါင်ပြုလုပ်၍ အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၆ သိန်းခန့် ကုန်ကျပြီး အလုံးရေ ၄၀၀၀ ကျော်ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများကတစ်ဆင့် ကျောက်ဆည်ဒေသတွင်း ရောင်းချမှုအပြင် မန္တလေးမြို့သို့ တင်ပို့ရောင်းချကာ အကျိုးအမြတ်များ ရရှိကြောင်း ဖရုံသီးစိုက်တောင်သူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀





## ငရုတ်ပင် ၉၁၃ ဧက လျာထားစိုက်ပျိုး

**ရေနံချောင်း ဧပြီ ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ဆောင်းသီးနှံငရုတ်များ သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ်နှိုဝင်ဘာက စတင်၍ ဖေဖော်ဝါရီအတွင်း စိုက်ပျိုးခဲ့ကြပြီး ငရုတ်ပင်တစ်ဧကလျှင် ၄၄၇ ပိဿာ ထွက်ကြောင်း ငရုတ်စိုက်ပျိုးခြင်းမှာ တွက်ချေကိုက်ကြောင်း ရေနံချောင်းမြို့နယ် ဖောင်းကတောရွာသစ်ကဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ငရုတ်စိုက်ပျိုးသော တောင်သူများ အထွက်နှုန်းအပါအဝင် လိုအပ်သည့်နည်းပညာများအား ကွင်းဆင်းပြီး နည်းပညာပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံငရုတ်ပင်ဧက ၉၁၃ လျာထားစိုက်ပျိုးခဲ့ရာ ၈၃၄ ဧက စိုက်ပျိုးပြီးစီးကြောင်း ငရုတ်ပင် တစ်ဧကလျှင် ငရုတ်သီးအစို ၄၄၇ ပိဿာထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၄၇၂)

၀-၀-၀-၀-၀-၀

## စမာစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းရှိ ကျေးရွာ(၆)ရွာတွင် နွေသီးနှံ မိုးကြိုပဲတီစိမ်း ၆၉၇ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသတွင်း ပဲမျိုးစုံဖူလုံပို့လျှံရေးအတွက် နွေပဲသီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ စမာစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင် မိုးကြိုပဲတီစိမ်း ၆၉၇ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။



စမာစိုက်ပျိုးရေးနည်းပညာပေးရေ့တန်းစခန်းတွင် ကျေးရွာအုပ်စုပေါင်း(၁၂)အုပ်စုရှိပြီး မိုးကြိုပဲတီစိမ်းသီးနှံများကို ဒါန်းတိုင်ကျေးရွာအုပ်စုတွင် ဧက ၅၀၊ ရန်ဘက်လိုကျေးရွာအုပ်စုတွင် ဧက ၁၅၀၊ ပေတောကြီး ကျေးရွာအုပ်စုတွင် ၁၇၅ ဧက၊ ဘုံကွင်းကျေးရွာအုပ်စုတွင် ဧက ၄၀၊ စင်းကွန်းကျေးရွာအုပ်စုတွင် ၇၅ ဧက၊ ပန်းခွာကျေးရွာအုပ်စုတွင် ၂၀၇ ဧက၊ စုစုပေါင်း ၆၉၇ ဧက စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် မိုးကြိုပဲတီစိမ်းသီးနှံများကို စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်း(၆)ခုတွင် ၃၄၆၉ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေပေးမြောင်းများအလိုက် စိုက်ပျိုးရေများလုံလောက်စွာ အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။


(ဝဲပုံ)

(၄၈၅)

ရေနုတ်မြောင်းသည်
အမှိုက်ပစ်ရန်နေရာ
မဟုတ်ပါ ။

## SHWE LI LAI ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အမှတ်(စစ-၁/၂)နေ ဒေါ်လှူစုရွှန်း (ဘ)ဦးလှူကြားလျှံ (၁၃/ကခန(နိုင်)၀၃၈၂၁၃)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။




**စာချုပ်အမှတ် - ၃၄၁၈/ ၂၀၂၄**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှူစုရွှန်းသည် အထက်ဖော်ပြပါ **"SHWE LI LAI"** ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - **(၃၄၁၈/ ၂၀၂၄)** အရ တရားဝင် မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **"R.O သောက်ရေသန့်"ကို** ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှူစုရွှန်းပိုင် **"'SHWE LI LAI"** ကုန်အမှတ်တံဆိပ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲပြုလုပ်ခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ဒေါ်လှူစုရွှန်း၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်လင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ-၂/၄၀)၊ ၆၆Aလမ်း၊ လမ်း၄၀နှင့် ၄၀Bလမ်းကြား၊ မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၁၀၇၅၊ ၀၉-၇၇၇၇၇၆၂၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်(၆၅)၊ ဦးပိုင်အမှတ်(၁၇၉-A)၊ ဧရိယာပေ(၁၂၀ × ၈၀)အကျယ်အဝန်းထဲမှခွဲ၍ အကျယ်ပေ(၈၀ × ၇၇ × ၈၀ × ၈၀)ထဲမှ ထပ်မံခွဲစိတ်ထားသည့် ပေ( ၄၀ × ၈၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်နန်းခင်မေဝင်း(ဘ)ဦးစံမြတ်(၁၃/လရန(နိုင်)၀၁၈၅၃၄)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချ ရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နှင်းစုမွန်　　ဒေါ်ဟေမာနိုင်**
**(တရားလွှတ်တော်ရှေ့နေ)**
**၇၉လမ်း၊ ၂၉လမ်းနှင့် လမ်း ၃၀ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၈၁၈၇၂၇၆၊ ၀၉-၉၇၇၉၂၀၄၄၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်အမှတ်(၅၆-က)မြေကွက်သည် ဦးမောင်ဝင်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်ဘက်ခြမ်း (၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေနှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ရီရီဌေးထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ ထက်ဝက်ကျော်ဖြစ်သော ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၄)၊ ဦးပိုင်အမှတ်(၆၆)၊ ဧရိယာ (၀ ဒသမ ၀၆၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြရင်(ဘ)ဦးမြင့်ရှိန်(၉/အမဇ(ဧည့်)၀၀၀၀၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မွှေးမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁ အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ဆိုင်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်(၄၁၄)နေ ဒေါ်ယုယုနိုင်(ဘ)ဦးညွန့်ဝေ (၉/ခအဇ(နိုင်)၀၅၀၄၅၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။




ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယုယုနိုင်သည် ပူးတွဲဖော်ပြပါ Yu Yu အမည်ဖြင့် Beauty & Spa ဆိုင်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်ဆိုင်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၆-၃-၂၀၂၅)ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၅၉၅/၂၀၂၅)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး Yu Yu အမည်ဖြင့် Beauty & Spa ဆိုင် ဖွင့်လှစ်လျက်ရှိရာ ကောင်းသတင်းဖြင့် ပြည်သူအများ အားပေးလျက်ရှိကြပါသည်။

သို့ဖြစ်၍ ဖော်ပြပါ Yu Yu အမည်ဖြင့် Beauty & Spa ဆိုင်အမှတ်တံဆိပ်အလှပြုပြင်ရေးလုပ်ငန်းသည် ဒေါ်ယုယုနိုင်၏ တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသည့် ဆိုင်အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်းတို့ကို မပြုလုပ်ကြရန်၊ ပြုလုပ်ပါက ဒေါ်ယုယုနိုင်၏ လုပ်ငန်းအကျိုးစီးပွားနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင့်တင့်ရှိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ရုံးခန်း-လမ်း ၆၀၊ ၃၂(စီ)လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၅၀၇၁၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဋ-၃)၊ ဦးပိုင်နံပါတ်(၅၉)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးအိုက်သီ အမည်ပေါက် ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်းကြူအမည်ပေါက် ဂရန်မြေကွက်၊ စုစုပေါင်း ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ဝင်းခြံတံတိုင်း အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဦးအိုက်သီ(ဘ)ဦးအိုက်ဖွတ်(၉/မနတ(နိုင်)၀၆၆၄၆၄)နှင့် ဒေါ်ခင်ဝင်းကြူ (ဘ)ဦးထိန်ဝမ်ချင် (၁၃/ကခန(နိုင်)၀၃၈၆၄၉)တို့မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးအေးမင်းထွန်း(ဥပဒေဘွဲ့)　　ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၂လမ်း၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၁၈၃၄၊ ၀၉-၇၉၇၃၅၀၀၇၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရုတ်နိုင်ငံအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၈

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်လျှင်နှင့် နောက်ဆက်တွဲလျှင်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံသို့ အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ လာရောက် လုပ်ဆောင်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းစဉ်များ ပြီးမြောက်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာမည့် တရုတ်နိုင်ငံ အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ

စာမျက်နှာ ၅ သို့ ❖




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်နိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

---

## ရီးရဲလ်မက်ဒရစ်အသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းကို နည်းပြအာတီတာ ချီးကျူး

**လန်ဒန် ဧပြီ ၈**

ဥရောပ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြ အာတီတာက ယခုလို အနိုင်ရရှိခဲ့သည့်အတွက် အားရကျေနပ်မိကြောင်း၊ အသင်းသားများ၏ ခြေစွမ်းပိုင်းကိုလည်း ချီးကျူးကြောင်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းအတွက် အဖိုးတန် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၅၈မိနစ်နှင့် မိနစ် ၇၀တွင် ဒီကလန်ရိုက်စ်၊ ပွဲချိန် ၇၅မိနစ်တွင် မယ်ရီနိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဆင်နယ်အသင်းနည်းပြ အာတီတာက "ရီးရဲလ်မက်ဒရစ်အသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့လို့ အားရကျေနပ်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ စွမ်းဆောင်ရည်ကလည်း အံ့မခန်းပါပဲ။ အသင်းအတွက် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ" ဟု ပြောသည်။

အာဆင်နယ်အသင်းသည် ယခုနိုင်ပွဲကြောင့် နောက်တစ်ဆင့်သို့ တက်ရောက်ရန် သေချာလုနီးပါးရှိနေပြီ ဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် ဥရောပချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်အား လာမည့် ဧပြီ ၁၇ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

